# သခင့်စကား

The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေး ရာ စာစောင်


ထာဝရအသက်နှင့် ယှဉ်သော စကားသည်
ကိုယ်တော်၌ တည်ပါ၏။
ယောဟန် ၆း ၆၈


အမှတ်စဉ် (၁၀၆)  ဇွန်လ  ၂၀၁၀ခုနှစ်  ဓမ္မဒါန (လစဉ်ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်)


## မေမေ (သာဂိစော)



တော်စပ်မှုဆိုသည်မှာ အခြေအနေနဲ့ ဆိုင်တတ်လို့
ကျွေးနိုင်၍ မွေးနိုင်က အမေ ဖြစ်ရမြဲပေမို့
အဖေနဲ့ညားလို့ အမေရှိသွားလေရဲ့ ။
အဖေက ကြမ်းလို့ အမေ ခေါ်ကြစတမ်းဆိုပေမဲ့။
မေမေဆိုတဲ့ သည်ဝေါဟာရ ရင်ထဲက မြစ်ဖျားခံရတာဖြစ်လို့
အချစ်မျှား စူးကာ မမှန်လေသမျှ နှုတ်ဖျားက လူးလာ မပျံနိုင်တာမို့
ဒေါ်လာ ဆယ်ကဋေ ကိုင်ပေမဲ့ ၊ အခေါ်ခံမယ် မေမေ မထင်လေနဲ့။
ရင်နစ်သည်းချာကို အရှင် ပစ်ပြီးခါမှ မမြင်ရက် အသည်းနာလို့
ရင်ထုကာ ကြေကြေသူအချို့ အမေ အရာကို ရပါလျှက်
မေမေ ဆိုတာကို နားမလည်ခဲ့လို့၊ သည်အမွေရတနာနဲ့ လွဲချော်ရသည်မို့
မေမေ ဆိုတဲ့ သည်ဂုဏ်ပုဒ်ကို တိုတိုနဲ့အဖြေထုတ်ရလျှင်ဖြင့်
ကိုးလလွယ် ဆယ်လ မမွေးခင်ကတည်းက အတိုးချတွယ်တာ
ချစ်ရလွန်းသူ အတွက် ဒူးထောက်ကာ အဖန်ဖန် ဆုတောင်းခြွေလျှက်
ဓါး ဆယ်လက် မက ခွဲစိတ်ရရင်တောင်မှ သားလူမမယ် အသက်နဲ့မြဲတာ ပထမပေမို့။
မေမေ့တွက် နေရဖို့က ဒုတိယရယ်ပါလို့ အသက်ကို ဖက်နဲ့ထုပ်ကာ ရင်ထဲမှာ
သစ္စာဆိုတာကို နှလုံးခုန်သံက သက်သေထူတာမို့ အသည်းအူတုန် ချစ်သည့်ဒဏ်
ဝမ်းထဲနေသူ လှလှ ခံစားရတာကို အမှန်အကန် ကြေကြေပါရစေ ဒါဟာ မေမေ လို့။
သြော် မေမေ မေမေ့ မေတ္တာ၊ မေမေ့ စေတနာ၊ မေမေ့ ကျေးဇူးတွေကို
နှစ်ပေါင်းများစွာ ပေ့ါပေ့ါနေ ပေ့ါပေ့ါစားခဲ့ပြီးမှ နောင်တနဲ့ နားလည်ခဲ့တဲ့အခါ
မေမေလို့ ခုခေါ်လိုက်ချင်ပေမဲ့၊ မေမေကဟိုး...အဝေးကို ရောက်နေခဲ့ပြီလေ။

---

## သောင်ပြင်မှခြေရာများ မလေး(ဂျူလိုင်)



သောင်ပြင်မှာ ခြေရာတစ်ခု သတိရစေသည် သခင်လောကသို့ ကြွလာပြီ။
သူ၏အံ့ဘွယ်ပညာ ရေတွက်မိသည် ခြေရာနှစ်
တွေးတောမိသည် သခင်၏ ချစ်မေတ္တာ ခြေရာသုံး
စတုတ္ထခြေရာ မျှော်မှန်းကြည့်သည် သခင့်ထံမှ သနားခြင်း ကရုဏာ
ပဉ္စမခြေရာ မြင်လိုက်မိသည် သခင့် မြင့်မြတ် ကျေးဇူးတရား
ဆဌမခြေရာ ဂုဏ်ယူမိသည် သခင့် ကိုယ်ကျင့်တရား
သတ္တမခြေရာ ဝန်ခံမိသည် သခင့်ရဲ့ အံ့ဘွယ်နိမိတ်လက္ခဏာ
အဌမခြေရာ တုနှိုင်းမရ ဘုရားဂုဏ်နှင့် ပြည့်စုံခြင်း
နဝမခြေရာ လှမ်းမျှော်ကြည့်သည် ကားတိုင်ပေါ်တွင် အပြစ်သားတွက် သေခံခြင်း၊
ခြေဆယ်လှမ်းမြောက် လှမ်း၍ ရှာသော် မတွေ့ရပြီ
သခင့်ခြေရာ သောင်ပြင်ပေါ်မှာ မရှိ ၊ ရှင်ပြန် ထမြောက်တော်မူပြီ၊
ဟာလေလုယာ၊ ကောင်းကင်ဘုံမှသခင် သင့်ကို စောင့်မျှော်နေပြီ
အချိန်ရှိတုန်း အမြန်လှမ်းလာပါ။ ။

---


## ဤကို ဤ ကျွဲကို ကျွဲ SAMUEL SOE LWIN




ကြီးကြီးငယ်ငယ် လူမှန်လျှင်အမှားမကင်းပါဘူး
ဆိုစကားများသိလျှက်သားနဲ့ အများနဲ့ရောယောင်
'ဤ' ကိုတောင် 'ကျွဲ' လို့ဖတ်နေရော့သလား
ချင်း၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ ကယား၊ ကချင်၊ ကရင်၊ မွန်ဟု အမျိုးဂုဏ်ကြောင့်
ခြေဖျား မထောက်နဲ့ ဘုရားကင်းကွာသူမှာ ကျန်းမာရေးက နတ္ထိဗလာ
လောကီ၌ ခန္ဓာပုံ သွေးသားဂုဏ်မောက်နေသရွေ့ ကိုယ့်အပြစ်ကိုလည်းမမြင်
အပြစ်ကိုလည်း အပြစ်မထင် 'ဤ' ကို'ကျွဲ' ဖတ်က လူဖြစ်ရှုံးမည်မှတ်
လူ့သဘောအလိုကို သမ္မာ မနှောဖြင့်ရှုတတ်လေမှ 'ဤ'ကိုကား'ဤ'
'ကျွဲ'ကိုကား'ကျွဲ' မြင်ဖတ်နိုင်ကာလေ မာဂ်လမ်းလည်းပေါက်မည် မသွေ။

---

## ချစ်သူ့ရှင်းတမ်း (မင်းအောင်သက်လွင်)



ဘီယာဆိုင်မှာ ဇီဇာကြောင်ကာ မောင် မထိုင်နိုင်ပါ
အများသုံးပြီး ဈေးပေါတဲ့ လက်ဖက်ရည်ဆိုင်ထဲမှာ။
ဘာဘီကျူကို ပါတီလူစုပြီး မောင် မကိုင်နိုင်ပါ
ထမင်းတစ်ဆုပ် ငပိဖုတ်နဲ့ စက္ကူစုတ်ထဲမှာ။
အပေါင်ဆိုင်မှာ ယောင်တောင်ပေါင်တောင် မောင် မငိုင်နိုင်ပါ
လမ်းဘေးက အလုပ်ကြမ်းတဲ့ လုပ်ငန်းခွင်ထဲမှာ။
အပျိုတစ်သုတ်နဲ့ ဘီယာစုပ်ပြီး မောင် ဘိုလို မမှုတ်ချင်ပါ
တီဗွီ အစုတ် ပဲလှော်တစ်ထုတ်နဲ့ ရေနွေး မှုတ်သောက်တတ်သူပါ။
ထီဆိုင်မှာ တန်းစီပြီးတော့ ကံ ကို မောင် မမျှော်နိုင်ပါ
သမ္မာအာဇီဝဆို သံချည်သံကွေး မောင်မရွေးဘဲ ဘာမဆိုလုပ်ဖို့ ဆုံးဖြတ်ထားသူပါ။



သူဌေးကြိုက်တဲ့ ခွေးမိုက်လို့ မောင် အခေါ်မခံနိုင်ပါ
အလုပ်ကြမ်းသမား ရောင်းရင်းများနဲ့ လက်ရည် တစ်ပြင်တည်းပါ။
ဒစ္စကို ဘားမှာ ပျိုပျိုများ နဲ့ မောင် လမ်းမသလားနိုင်ပါ။
ခြေလှုပ်လက်လှုပ် လေချွန်ပြီးတော့ မောင်က အပျင်းဖြေတတ်သူပါ။
နွေနေပူပူ သူဌေး ဆူတဲ့ စင်ကာပူနိုင်ငံမှာ
ငွေလည်ချူယူ ကညာဖြူတွေနဲ့ မောင် မကြူနိုင်အားပါ။
ချွေးစေးကပ်နေတဲ့ မောင့်ရင်ဘတ်ရဲ့ အနီးဆုံး တစ်နေရာမှာ
အတင်း မတုတ်တတ်တဲ့ ရှာက မိဘုတ် ပေးထားတဲ့
(အခြေပြုကျမ်း ။ သုတ္တံ ၇း၁-၂၇) ကျမ်းပိုဒ် တစ်ပိုဒ် ကပ်ထားမှာ။ ။

---

## "ဂီတ သမားနဲ့သုံးသပ်ခြင်း" (မင်းထွန်းသက်လွင်)

ခံစားမှု တစ်ပုဒ်ကို ဂီတာတီးလျှက် တေးသွားဘယ်လို ဘာ **Key** လည်းလို့
သီချင်းစပ်တဲ့ငါ စိတ်ကူးပေါ်မှာ ဥာဏ်တွေကအစ ငါ့အသိတွေကျွမ်းကျင်ကြတယ်။
သီချင်းတစ်ပုဒ်ကို မာန်ကုန်သွင်းလျှက် သံစဉ်ဘယ်လို ဘာ **Feel** လည်းလို့
သီချင်းဆိုတဲ့ငါ အိမ်မက်ပေါ်မှာ အာရုံက အစ ငါ့အသံတွေ ပါးနပ်ကြတယ်။
တေး တစ်ပုဒ်ကို **Note** တစ်ရွက်နဲ့ ဘယ်သီချင်းဘယ်လို ဘာ **Beat** လည်းလို့
**Drum** တီးတဲ့ ငါ၊ **Stage Show** ပေါ်မှာ ဦးနှောက်က အစ
ငါ့ခြေလက်တွေ နားလည်ကြတယ်။ အင်း ...... ကျမ်းတစ်ပုဒ်ကို ပျင်းရိစွာ ဖတ်ပြီး
အဓိပ္ပါယ်ဘယ်လို ဘာထိတွေ့လည်းလို့ ပြန်ဆင်ခြင်တဲ့အခါ
အိ အိ အ အ နဲ့ ၊ ငါဟာတစ်ကယ်တော့ အမြင်မတော်
လူသရော်မယ့် လှည်းနင်းခံရတဲ့ ခွေး အ တစ်ကောင်လိုဘဲ။

---

## ချစ်သောဖေဖေ ကိုးအယ် (ခိုအုန်ကုန်း)

ငယ်စဉ်တောင်ကျေး ကလေးဘဝမှ မိသားစု အရေး ကြိုးစားရှာဖွေ ၊ ချစ်သော
ဖေဖေ ကျန်းမာပါစေ။ သမီးငယ်အရေး လိုတာဖြည့်ပေး ဘေးရန်မခ ကွယ်ကာ
စောင့်မ၊ ရှေ့ဆောင်ဦးရွက် စောင့်ရှောက်ခဲ့သူ ချစ်သော ဖေဖေ စိတ်ချမ်းသာပါစေ။
ဘာသာတရား အလေးထားလို့ လမ်းမှားမရောက် လမ်းမှန်ရောက်အောင်
ဖေးမ ပို့ဆောင် လမ်းပြခဲ့သူ ချစ်သော ဖေဖေ သာယာ အေးချမ်းနေပါစေ။
ဝေးရပ်မြေခြား တစ်နယ်ခြားလဲ ဖေဖေ့ မေတ္တာ မေ့ မရပါ
နေ့ရက်အစဉ် သခင့်ထံပါး တောင်းဆုခြွေကာ ချစ်သော ဖေဖေ
ဘုရားသခင် ကောင်းကြီးပေးပါစေ။ ။

## မိုးခွက်ဖြစ်စေပါ Blessing Rain



ကိုယ်တော့် ဒဏ်ရာ ဖေးမောရှာတဲ့ ထို မသိသူအား၊ အလိုရှိက၊
အသိတရားဉာဏ် ဖွင့်စေမူပါ။ သခင့် အလိုကျ ဖြစ်စေပါ။
ကိုယ်တော့်ဂုဏ် မဆယ်နိုင် ထိုရှက်ဖွယ်သည် အပြစ်သားတိုင်းတွက်၊
စတေးရကြောင်း ထို မသိသူအား၊ အလိုရှိက အလင်းပေး၍သိ စေပါ၊
သားသမီးသာလျှင်၊ အမွေခံသင့် ရွေးကောက်သူ စာရင်း၌၊ ကျွန်ုပ်ကဲ့သို့
ထို မသိသူအား၊ အလိုရှိက အမွေခံသူလဲ ဖြစ်စေပါ။
အသက်ပိုင်ရှင်၊ ဘုရားရှင် အစနှင့်အဆုံး၊ ကိုယ်တော်၌သာ
ဖြစ်တည်ရကြောင်း၊ ထို မသိသူအား၊ အလိုရှိက ပြည့်သော ဝိညာဉ်
သနားလှည့်ပါ အရှင်။ ကျွန်ုပ်တောင်းသမျှ၊ သခင် တတ်စွမ်း၏ အလိုရှိက၊
ကျွန်ုပ်အား၊ ထို မသိသူတွက် ထွန်းလင်းနိုင်သော
မိုးခွက် ဖြစ်၍၊ သခင့်ထံသို့ လမ်းပြစေသူ ဖြစ်စေပါ။ အာမင်

---



## ငါပျောက်ကြောင်းငြာ *ဆိုင်းတောင်*

ငါ ဖြစ်နေခြင်း ၊ ငါ ရှိနေခြင်း၊ ငါ လုပ်နိုင်ခြင်းတွေဟာ ၊
ငါ့ကြောင့် မဟုတ်ခဲ့တာ ငါ သိလိုက်ရချိန်မှာ ၊ ငါ ပျောက်ဆုံးသွားတယ်…။
ထို့ကြောင့်… ငါ့ အတ္တကို ဖယ် ၊ ငါ့ မာနကို ခွာ၊ ငါ့ဆန္ဒကို ချိုး ၊ ငါ့ခြေလှမ်းကို ပြင်
ငါ့နောက်သို့ မလိုက် ၊ သခင်ဘုရား၏၊ ကျေးဇူးတရားရိပ် အောက်မှာ
ငါ နေသွားတော့မည်၊ ထာဝရ ကာလတိုင်…။

---

## ငါ၏နိဂုံး ( July )

အမုန်းဆိုတာ ငါ၏ ဘုရား၊ အတ္တနဲ့ မာနဆိုတာ ငါ့ရဲ့ နေ့လည်စာနဲ့ ညနေစာ
လောဘ မောဟ ကတော့ ငါ့ရဲ့ အိုအေစစ် ပဲပေါ့။
ချစ်ခြင်းသည် ငါ၏ရန်သူ ။ သနားခြင်း၊ ညှာတာခြင်းများသည် ငါ့ခြေထောက်
အတွက် ဆူးညှောင့်ခလုတ် သည်းခံခြင်း စိတ်ရှည်ခြင်းအားဖြင့် ငါပင်ပန်း၏။
ဝင်သက် ထွက်သက်လေး အနားယူချိန်မှာတော့
ခံစားချက်ပေါင်း များစွာကို ဥပေက္ခာ ပြုထားရတဲ့ ငါ
ထိတွေ့မှုတိုင်းကို မတုံ့ပြန်နိုင်တဲ့ ငါ ၊ အေးစက်တည်ငြိမ်စွာ လျောင်းနေတဲ့ ငါ
ခြေဘ်… နောက်ဆုံးတော့လည်း သိပ်ကို ပေါ့ပါးလှတဲ့ မြူမှုန်တစ်စ တောင်မှ
ယူနိုင်ခွင့် မရှိတဲ့ သနားစရာ ငါပါလား…



ငါ့ ကို ကြည့်မိ၊ ဆင်ခြင်အသိ၊ နှလုံးသွင်းပါ၊ ငါ များစွာ
"မနက်ဖြန်ကို မြင်ရဦးမယ်ဆိုရင်လေ … "။

---

## သူတောင်းစားသူငယ်လေးပေးလိုက်သောဘဝသင်ခန်းစာ

ထားထားထွေး သည် သာမန် မဖြစ်စလောက် လစာဖြင့် ဝမ်းရေး ရှာနေသော ရန်ကုန်မြို့နေ အလယ်အလတ် လူတန်းစားဝင် တစ်ယောက် ဖြစ်သည်။ အပူအပင် မရှာချင်၍ အပျိုကြီးဘဝနှင့် တကိုယ်တည်းအရိုးထုတ်ကာ လူမမယ် ဖခင်ကြီးအား ပြုစုလျက် ရှိလေသည်။ အပျိုကြီးဘဝနှင့် တကိုယ်တည်း အရိုးထုတ် သော်ငြားလည်း သနားစရာ ထားထားထွေး တစ်ယောက် နှလုံး ရောဂါသည် အစ်မနှင့် တခြံတည်း အတူတူ နေထိုင်သည်ဖြစ်၍ အစ်မ ဖြစ်သူ၏ သားနှင့် သမီးတို့၏ ဝေယျာဝစ္စများအား မကြာခဏ လုပ်ဆောင်ပေးရလေ ၏။ တူနှင့်တူမ တို့ကလည်း ခေသူများမဟုတ်။ ထားထားထွေး မပြောနဲ့ သူ့အမေ ကိုယ်တိုင်တောင် မနိုင်။ တခါတလေတော့ ထားထားထွေး စိတ်မရှည်၍ အော် ဟောက်မိတာ တွေလည်းရှိသည်။ ရန်ကုန်မြို့နေ လခစား တို့ ထုံးစံအတိုင်း ထားထားထွေး ဘဝသည်ရိုးစင်းလှသည်။ ထားထားထွေးသည် တခါတခါ ငါ့ဘဝ ပျင်းစရာကောင်းတယ်လို့ ထင်မိ၏။ တခါတခါ ဘဝသည် တရားမျှတမှု မရှိဟုလည်း ထင်မိ၏။ တခါတခါ ကိုယ်ရရှိထားသော ဘဝကိုလည်း မကျေနပ် တတ်ပါ။ ကျေးဇူးတော်ချီးမွမ်းဖို့ ဆို ဝေးလေစွ။

ရန်ကုန် ညနေခင်းအလှကို လူတွေအမျိုးမျိုး ဖွဲ့ဆိုကြ၏။ ထားထားထွေး တော့မဖွဲ့ ဆိုဖူးပါ။ တခါမှ မခံစားကြည့်ဘူးဆို ပို၍ မှန်ကန်ပေမည်။ ထိုနေ့က ထားထားထွေး ခါတိုင်းလိုပဲ ရုံးဆင်းသည်။ ရုံးဆင်းနေကျ ဖြစ်စဉ်အတိုင်း မြို့ထဲမှာ ကားတွေ ရှုပ်ရှက်ခတ်နေသည်။ ရုတ်တရုတ် ထားထားထွေး တဖက် ကားလမ်းမှ မြင်လိုက်ရသော မြင်ကွင်းကြောင့် စိတ်ထဲမှာ မကောင်းဖြစ်သွားရသည်။ အသက် အရွယ် အားဖြင့် ၇နှစ် ၈နှစ်လောက်ပဲ ရှိသေးသည့် ကောင်လေး တစ် ယောက်သည် လက်ထဲမှာ လသားအရွယ် ကလေးသေးသေးလေးကို ပိုက်ကာ ဖြတ်သွားဖြတ်လာများထံ လိုက်လံ ပိုက်ဆံ လိုက်တောင်းနေသည်။ စိတ်ထဲ၌ ဒီကလေး ငါ့တူ၊ တူမလေးတွေ အရွယ်ပဲ။ တခြားကလေးတွေ စာသင် နေရတဲ့အချိန်မှာ ဝမ်းစာရှာနေရတဲ့ကလေး၊ တခြားကလေးတွေ စိတ်လွတ် ကိုယ်လွတ် ပျော်ပျော်ပါးပါး ကစားနေရတဲ့အချိန်မှာ သူ့ ခများ လသားအရွယ် ကလေးလေးနဲ့ ဝမ်းစာရှာနေရတဲ့ကလေး၊ စသည်စသည် တွေးတောနေချိန်မှာပဲ မမျှော်လင့်သောအရာကို ထားထားထွေး တွေ့လိုက်ရသည်။ အဖြစ်အပျက်က မြန်ဆန် လွန်းလှသည်။ တဖက်ကားလမ်းမှ သူတောင်းစားကောင်လေးသည် ထားထားထွေးထံ အသည်းအသန်ပြေးလာချိန် ကား တစ်စင်းသည်လည်း အရှိန်နှင့်အပြင်း ခရီးနှင်လာချိန် ။ ထားထားထွေးရော လူတွေ အကုန်လုံး မှင်သက်သွားသည်။ ဒါပေမယ့် သူတောင်းစား ကောင်လေး သီသီလေး ပွတ်ကာ လွတ်သွားသည်။ ထိုအချိန်မှပဲ ထားထားထွေး ဟင်းခနဲ သက်ပြင်း ချနိုင်တော့သည်။ ကောင်လေးသည် လွတ်လွတ်ခြင်း ထားထားထွေးထံ အပြေး ရောက်လာ၏။ ထားထားထွေးလည်း ဂရုဏာဒေါသောနဲ့ သူတောင်းစား ကောင်လေးရဲ့ ဦးခေါင်းကို ဒေါက်ကနဲ မြည်အောင် ခေါက်လိုက်ပြီး "နင်ငါ့ဆီက ရမှာ ၁၀၀ ထဲ၊ ကားတိုက်လို့ နင်ကော ကလေးကော တခါတည်းသေသွားမယ်။" လို့ပြောရင်း ပိုက်ဆံ ၁၀၀ ပေးလိုက်ပါသည်။ ထားထားထွေး တွေးစရာ ရသွား သည်။ ဒီသူတောင်းစား သူငယ်လေးသည် အရွယ်နှင့် မလိုက်စွာ အသက်ကို ပဓါန မထားပဲ ဝမ်းစာ ရှာနေရသောအချိန်တွင် ထားထားထွေး တစ်ယောက် ကိုယ့်ကို ကိုယ် မကျေနပ်မှုများ နှင့် ကျေးဇူးတော် ချီးမွမ်းရန် မေ့လျော့ကာ စိတ်ပင်ပန်းကြီးစွာ နေထိုင်ခဲ့ရ၏။ ဒီနေ့ သူတောင်းစား သူငယ်လေး ပေးလိုက်သော ဘဝသင်ခန်းစာဖြင့် ထားထားထွေး ရှေ့ဆက် အသက်ရှင် တော့မည်။ ချက်ချင်းပဲ ထားထားထွေး ရရှိထားသော ဘဝလေး အတွက် ဘုရား သခင်ကို ကျေးဇူးတော်ချီးမွမ်းလိုက်သည်။

တခါတရံ ကျွန်ုပ်တို့သည် ကိုယ်ရရှိ ပိုင်ဆိုင်ထားသောဘဝကို မလိုချင် တတ်ပါ။ ငါဘာလို့ ဒီလိုဘဝမျိုး ရရတာလဲ။ သူတို့တွေ ကျတော့ ဘာလို့ အဆင်ပြေ နေရတာလဲ။ သူတို့တွေကျတော့၊ သူတို့တွေ ကျတော့၊ သူတို့ တွေ ကျတော့ စသည်ဖြင့် နှိုင်းယှဉ်တတ်ကြပါတယ်။ တကယ်တော့ ဒီလောက ကြီးမှာ ကိုယ်ရရှိထားတဲ့ ဘဝထက် နိမ့်ကျတဲ့ ဘဝပေါင်းများစွာတွေ ကို ပိုင်ဆိုင် နေရသူတွေ အများကြီးပါ။ တကယ်လို့များ သင့်ဆီမှာ ဒီလို နှိုင်းယှဉ်တဲ့ အတွေး လေးတွေ၊ မကျေနပ်တဲ့အတွေးလေးတွေ ရောက်လာခဲ့ရင် ကိုယ့်ထက် နိမ့်ကျတဲ့ သူတွေကို သတိရလိုက်ပါ။ ဒီကျမ်းပိုဒ်လေးကို သတိရလိုက်ပါ။ *၁သက် ၅း၁၆-၁၈ အစဉ် မပြတ် ဝမ်းမြောက်ခြင်းရှိကြလော့။ မခြားမလပ် ဆုတောင်းပဌာနာ ပြုကြလော့။ အရာရာ၌ ကျေးဇူး တော်ကို ချီးမွမ်းကြလော့။ အကြောင်းမူကား သင်တို့သည် ထိုသို့ ကျင့်စေခြင်းငှါ ယေရှုခရစ်၌ ဘုရား သခင် အလိုတော်ရှိ၏။* *ခါအုန်သတို့သမီး*

---

## ပိတ်မိနေသောအခန်းနှင့်ဂတိစကား *တောနင်းပန်း*

စင်ကာပူကို ခန အလည်လာစဉ်က တွေ့ကြုံခဲ့တာလေးကို သက်သေ ခံပါရစေ။ ခင်ပွန်းသည်က သူ့ အလုပ်နဲ့ နီးတဲ့ Jurong west နားက အိမ်မှာ master bed room ခန ငှားထားပေးပါတယ်။ နေ့လည်ဘက် တစ်အိမ်လုံး အလုပ်သွားနေချိန်မှာ တစ်နှစ်နှင့် သုံးလ အရွယ် သမီးလေးကို အိပ်ခန်းထဲမှာ ကျွန်မ ထားခဲ့ပြီး အဝတ်လျှော်ခန်းထဲကို အသွား မှာ ပြင်းထန်တဲ့ လေတချက် တိုက်လိုက်တာ ကျွန်မတို့ အိပ်အခန်းတံခါးဟာ အလိုလို ပိတ်သွားပြီး Lock ကျသွားတာကြောင့် ကျွန်မ အခန်းတံခါးဖွင့်လို့ မရတော့ပါဘူး။ အခန်းသော့က



*သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၀၆ ။ ဇွန်လ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။*

အိပ်ခန်းအထဲမှာ ရှိနေတယ်။ ကလေးကလည်း တံခါး ဂျိန်းကနဲ ဆောင့်ပိတ်သံကြောင့် လန့်သွားပြီး အမေ ဘေးမှာ မရှိတော့ ကြောက်အား လန့်အား နဲ့ တအား အော်ငိုပါတော့တယ်။ ခင်ပွန်းသည်ကလဲ အလုပ်ထဲမှာ။ ဘုရားသခင် ကျွန်မကို ကူညီပါလို့ စိတ်ထဲက အော်ဟစ် တောင်းလျှောက်ရုံက လွဲလို့ ဘာလုပ် ရမလဲ မသိတော့ပါဘူး။ အိမ်ခန်း တံခါးတွေကလဲ ပိတ်ထား တယ်။ ဒါပေမဲ့ ညက ခေါင်းရင်း ဘက်က တံခါးပေါက် အသေးလေးတစ်ခုကို ကျွန်မ လေဝင်အောင် ဖွင့်ခဲ့ တယ်။

မနက် ပိုင်းတော့ ကလေး အေးမှာ စိုးလို့ ဆွဲပြီး စိလိုက်တယ်။ ဒါပေမယ့် Lock မချလိုက်မိဘူး။ ဒီအပေါက်က လွဲလို့ အိပ်ခန်းထဲကို ကျွန်မမှာ ဝင်စရာ မရှိဘူး။ ဒါပေ မယ့် မီးဖိုချောင်ပြူတင်းပေါက်ကနေ ကျော်ထွက်ပြီး အဝတ်လှန်းတဲ့ ဝရံတာကို ကျော်မှ တဘက်ခန်းကို ဝင်လို့ရမှာဖြစ်ပါတယ်။ Singapore က ကျွန်မတို့ ငှားနေတဲ့ အိမ်ရဲ့ အဝတ်လှန်းတဲ့ နေရာက အလူမီနီယမ် အချောင်းလေး ၂ချောင်းကို ကာရံ ထားတာ။ ကျွန်မ ဒီ ဝရံတာကို ၈ထပ် အမြင့်ရှိတဲ့ တိုက်အပြင်ဘက်ကနေ ရုပ်ရှင်ထဲက Spidermanလို တွဲလွဲခိုသွား ကျော်လွှားပြီး သမီးလေး အိပ်တဲ့ အခန်းရဲ့ လေဝင်ပေါက် တံခါးကျဉ်း ကျဉ်းလေး ကနေ ရုပ်ရှင်ထဲက နင်းဂျား သိုင်းသမား တွေလိုရောက်သွားပြီး တံခါး ပေါက်ကို ကျော်တက်ကာ ဝင်လိုက် ပါတယ်။ ကျွန်မရဲ့ လုပ်ရပ်က တကယ့် သည်းထိတ် ရင်ဖိုပါ။ ဘေးအိမ်က ကြည့်ရင် အမြင့် ၈ထပ် တိုက်ပေါ်မှာ တစ်ဘက် အခန်းကို ကျော်ဝင် တာဟာ ရာဇဝတ်မှုပါ။ ရဲကို လှမ်းတိုင်ရင် ကျွန်မ အဖမ်းခံရမှာပါ။ အဆင် မသင့်လို့ ပြုတ်ကျရင် အသေပါဘဲ။ မြန်မာပြည်မှာ သစ်ပင်တောင် မတက်ဖူးတဲ့ ကျွန်မဟာ စင်ကာပူက ၈ထပ်တိုက်ကို ဝရံတာကနေ တွားသွားပြီး လေဝင် ပေါက်ကနေ ကျော်ဝင်ခဲ့တာဟာ သားသမီး ဇောကြောင့်ပါ။

ကျေးဇူးတော် ကြောင့် အဲဒီ တံခါးပေါက် မပိတ်ထားတဲ့ အတွက် ကျွန်မ သမီးလေးဆီ အရောက် သွားနိုင်ခဲ့ပါတယ် အဲဒီ အချိန်မှာ ကျွန်မရဲ့ စိတ်ဟာ သမီးလေးဆီ ရောက်သွားပြီး သူ့ရဲ့ ကြောက်ရွံ့မှုကို နှစ်သိမ့် ပေးပြီး အငိုတိတ်အောင် လုပ်ပေးဖို့ ပါဘဲ။ အိပ်ခန်းထဲမှာ သမီးလေး တခုခု ဖြစ်သွားမှာကို အရမ်း စိုးရိမ်ခဲ့တယ်။ မျက်ရည်နဲ့ ကျေးဇူးတော် ချီးမွမ်းလိုက်တယ်။ သမီးလေးကို ဖက်ပြီး နို့တိုက်ရင်း ကျွန်မ မျက်စိ မှိတ်ပြီး ဆင်ခြင်မိ လိုက်တာကတော့ (ရောမ 8း36) ခရစ်တော်ဟာလဲသူ့ရဲ့ သားသမီး တွေကို ကျွန်မ တို့ရဲ့ အသက်တာတွေ ဒုက္ခတွေ သောကတွေ ဝေဒနာ တွေနဲ့ ဆင်းရဲ ပင်ပန်းခြင်း၊ စုံးစမ်း နှောင့်ယှက်ခြင်း တွေ အပြစ်ဒုစရိုက်ထဲကနေ ရုန်းထွက်လို့ မရတဲ့ စိတ်နှလုံး လှောင်ပိတ်မှုတွေနဲ့ ကြုံလာ တာကိုတွေ့တဲ့အခါ မိဘက သားသမီး ကိုချစ်ပြီး စိုးရိမ်သလိုမျိုး ဘုရားကလဲ စိုးရိမ်ပြီး ဒီလောကကို ဆင်းလာပြီး ကယ်တင် ခဲ့တဲ့ ခရစ်တော်ရဲ့ ချစ်ခြင်း မေတ္တာ တော်အတွက် ကျေးဇူး တော် ချီးမွမ်းမိတယ်။ မွန်းကျပ်ပြီး လောကရဲ့ ပူဆွေးမှုကြားမှာ အသက်ရှင်နေရတဲ့ သူ့ သားသမီး တွေ အတွက် တံခါးပေါက် တခုတော့ အမြဲ ဖွင့်ထားပေး တယ်။

အဲဒီ တံခါးပေါက်ကတော့ ခရစ်တော် ဘုရားရဲ့ ဂတိတော် တွေဘဲ ဖြစ်ပါတယ်။ မိမိ အသက်တာမှာ ဒုက္ခ ဝေဒနာတွေနဲ့ မွန်းကျပ်နေရင် ခရစ်တော် ဘုရားရဲ့ ကတိ စကားတွေကိုမမေ့ပါနဲ့။ ယုံကြည်စွာ နဲ့ သခင့်စကား တွေ ဂတိတော် တွေနဲ့ ပြည့်နေတဲ့ သမ္မာ ကျမ်းစာကို ဖတ်ပြီး ထွက်မြောက်ရာ လမ်းကြောင်း ကိုရှာဖို့ ခွန်အားပေး သက်သေခံရင်း ပိတ်မိ နေသော အခန်းထဲက သမီးလေး အားဖြင့် သွန်သင်မှုကို ပေးတဲ့ ခရစ်တော် ဘုရား ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ။ *တောနှင်းပန်း*

---

## မုန်တိုင်းကြားက လေညှင်းသံ (အချစ်ဆိုသည်မှာ)

မသဲ ၁၈ း ၁၈–၃၅ ၊ ၅ း ၃၉၊ ၄၃၊ ၄၆ ၆ း ၁၅

စာရေးသူ ဒိုင်ယာရီလေး လှန်ကြည့်တော နိုဝင်ဘာ၁၆ရက်ဟာ မုန်တိုင်းထန်လို့ နှလုံးသား တစ်စစီ လွင့်ကြွေခြင်းရဲ့ တစ်နှစ် မြောက်ပါ။ စာရေးသူရဲ့ ရင်ထဲမှာ ပူဆွေးဆဲ ခံစားရပါတယ်။ မနေ့က မက်ခဲ့တဲ့ အိပ်မက်လိုပါဘဲ။ သို့သော် ဘုရားရဲ့ အစီအမံနဲ့ အလို တော်ဆိုရင် စာရေးသူ ကျေနပ်ရပါမည်။ တကယ်တော့ စာရေးသူအတွက် အရှုံးထဲကအမြတ် (သို့) အမှားတွေထဲက အမှန်တရားကို နားလည်သဘောပေါက်လျှက် ကိုယ်တိုင် ခံယူသွန်သင်သော မိတ်ဆွေကြီးကို ကျေးဇူးတင်ပါသည်။

မိတ်ဆွေ . . . . စာရေးသူဟာ မိတ်ဆွေလို ပကာသန ဂုဏ်အရှိန်အဝါ တခုမှ မရှိပါဘူး။ ဒါပေမယ့် ယခုစာရေးသူရဲ့ နှလုံးသား ထဲမှာ စကြာဝဠာ တခုလုံးထက် တန်ဖိုးရှိတဲ့ အရာကို ထည့်ထားလိုက်ပြီ။ အဲဒါ ထာဝရ အသက်ရှင်တဲ့ ကယ်တင်ရှင်ယေရှုဘုရားရှင်ပဲ။ မိတ်ဆွေ (ကျွန်ုပ်ရဲ့ နှလုံးသားကို တစစီဖြစ်အောင် မုန်တိုင်းတွေ သွန်းလောင်းပေးပေမဲ့ ကျွန်ုပ်ကို အရှင်ဘုရားက လေညှင်းလေးကြားမှာ တိုးတိုးလေးပြောတယ်) (မင်းအနားမှာ ငါအမြဲရှိတယ် မငိုနဲ့တဲ့) သင်၏၊ ပါးတစ်ဘက် ပုတ်သူအား ကျန်တဲ့ ပါးတစ်ဘက် လှည့်ပေးပါအုံးလို့ ပြောတယ်။ ဒါကြောင့် မိတ်ဆွေရယ် ကျွန်ုပ်ရန်သူ ဖြစ်ဖို့ ဘုရားရဲ့ လက်ရာကို မဖျက်ဆီးပါရစေနဲ့။ မိတ်ဆွေ ကျွန်ုပ်ကို မုန်းပေမဲ့ မိတ်ဆွေအပေါ် ထာဝရ နားလည်ပေးပါ့မယ်။ ဘာကြောင့်လည်းဆိုတော့ တစ်နေ့ ကျွန်ုပ်ရဲ့ အရှင်နှင့်အတူ နေရဖို့ အရေးကြီးတယ်။ မသဲ ၁၈ း ၁၈–၃၅ ၊

တကယ်တော့ မိတ်ဆွေဟာ လောကသားမို့ လောကရဲ့ ထောင်လွှားမှုတွေ ပြည့်နှက်နေတာဟာ မိတ်ဆွေရဲ့ အပြစ် မဟုတ်ပါဘူး။ စာတန်မာရ်နတ်ကို တွန်းလှန်နိုင်အောင် မိတ်ဆွေအား ကျွန်ုပ် မကူညီနိုင်ခဲ့ခြင်းရဲ့ အမှားပါ။ လွန်လေပြီးတဲ့ ၇ နှစ်တုံးက မိတ်ဆွေနဲ့ ကျွန်ုပ် မသိ ခင်မင်ခဲ့တုန်းကလည်း မိတ်ဆွေကဲ့သို့ ကျွန်ုပ် စာတန်ရဲ့ လမ်းပေါ် ပျော်ပျော်ကြီး လျှောက်ခဲ့တဲ့ သူပါ။ အဲဒီတုန်း က ကယ်တင်ရှင်ကို ဘယ်နေရာထားမိမှန်းတောင် ကျွန်ုပ် မသိခဲ့ဘူး။ ဒါပေမယ့် ဘုရားရှင်ရဲ့ အချစ်က တဘက်သတ်ဆိုတာ ကျွန်ုပ်နားလည်သလို ယခုတကယ် လက်ခံနိုင်ခဲ့ပြီ။ မိတ်တွေရဲ့တိုက် တွန်းမှုကြောင့်လည်း ထင်ပါရဲ့။ လောကသားတွေသုံးတဲ့ “ အချစ်ဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်ကို ယခု ဤကဗျာလေးနဲ့အတူ ခံစား ကြည့်စေလိုပါတယ်။ ‘အချစ်ဆိုသည်မှာ’

သခင်ရယ် ..... သူတို့ပြောတော့ အရမ်းချစ်တယ်တဲ့
ဒါပေမယ့် သခင့်လိုမဟုတ်ဘူး ...... ခဏပဲ
သခင့်ရဲ့လမ်းကို လျှောက်ဖို့ “ကျွန်တော် အကြိမ်ကြိမ်” ယိုင်လဲခဲ့ပေမယ့်
သခင့်ရဲ့ မေတ္တာ လျော့မသွားဘူးနော်
သခင့်ကို နာကျင်အောင် စာတန်ရဲ့ ပရိယာယ်နဲ့ တိုက်ခိုက်ပေမယ့်
“ကျွန်တော့” ကို သခင်ယုယဆဲပဲ
သခင့်လို ချစ်သူမျိုး ကမ္ဘာမြေလှန်ကြည့်ပေမယ့် မရှိဘူး
ခုတော့ “ကျွန်တော်” နားလည်သွားပြီ။ အချစ်ဆိုတာ ရယူခြင်းမဟုတ်ဘူး
“ကျွန်တော့်” ကို ချစ်လွန်းလို့ သွန်းခဲ့တဲ့ သခင့်ရဲ့ အသွေးဟာ
တဖက်သတ် ပေးဆပ်ခြင်း သက်သက်မို့
သခင့်ကို ချစ်တဲ့သူဖြစ်ဖို့ သူတို့ကို ကျွန်တော် နားလည်ပေးပါ့မယ် သခင်
မိတ်ဆွေ ပီတိဝေဖြာခြင်းနှင့် အတူ အနာဂါတ်မှာ ပျော်ရွှင်တဲ့ ဘဝလေးပိုင်ဆိုင်ရဖို့
ဘုရားရှင်ထံ ကျွန်ုပ်တောင်းဆု အမြဲတမ်းပြုလျှက် မေတ္တာ ပို့သလိုက်ပါတယ်။

*(လယ်ဒီပါကြိတ အညတရစာရေးသူ)*

---

## သက်သေခံချက် (M.R)

ရှေးဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မ ခံစားရတဲ့ ကောင်းကြီးမင်္ဂလာထဲမှ အနည်းငယ်ကို သက်သေခံချင်ပါတယ်။ ကျွန်မ စင်္ကာပူကို ၂၀၀၄ မှာရောက်ပြီး ၂၀၀၆မှာ အိမ်ထောင်ကျပါတယ်။ အိမ်ထောင်ကျပြီး ၁နှစ်အကြာမှာ ကျွန်မ ကိုယ်ဝန်ဆောင်ခဲ့ပါတယ်။ ကိုယ်ဝန် ဆောင်စဉ်ကာလ တစ်လျှောက်လုံး ဘုရားသခင်ကောင်းကြီးကြောင့် ဖျားနာခြင်း မရှိခဲ့ပါဘူး။ မွေးဖွားတဲ့ အခါမှာလည်း နာကျင်ခြင်း လျော့နည်းစွာနဲ့ မွေးဖွားခဲ့ပါတယ်။ မွေးခန်း ထဲမှာ ၂နာရီပဲကြာခဲ့ပါတယ်။ ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ ကျွန်မ သားလေးကို မွေးပြီး နှစ်ရက်အကြာမှာ ကျွန်မနို့ရည်ဟာ လုံးဝ မထွက်ခဲ့ပါဘူး။ ကျွန်မ အမေက ကျွန်မကို နို့ရည်ထွက်အောင် အမျိုးမျိုးလုပ်ပေးပါတယ်။ ဒါပေမယ့် လည်း နို့ရည်ဟာ လုံးဝမထွက်လာပါဘူး။



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၀၆ ။ ဇွန်လ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ကျွန်မလည်း အရမ်း နာကျင်ခြင်းကို ခံခဲ့ရပါတယ်။ ဒီအတွက် ဘုရားကို ကျွန်မ ဆုတောင်းခဲ့ပါတယ်။ ဘုရားသခင် ကျွန်မ ဆုတောင်းသံကို နားထောင်ပါတယ်။ ကျွန်မဘုရားသခင်ကို ကိုးကွယ် ချီးမွမ်းလေ စာတန်နှောက်ယှက်ခြင်းကို အမြဲခံခဲ့ရ ပါတယ်။ ကျွန်မ မခံနိုင်တဲ့ စုံစမ်းနှောက်ယှက်ခြင်းကို ဘုရား မပေးခဲ့ပါဘူး။ ကျွန်မသူ့ကို ဘယ်လောက် ယုံကြည် ကိုးကွယ်ဆုတောင်းသလဲဆိုတာ ဘုရား သိချင်လို့ စာတန်ကို အခွင့် ပေးတယ်လို့ ယူဆမိပါတယ်။ ကျွန်မ စုံစမ်းနှောက်ယှက်ခြင်းကို ထပ်ခံခဲ့ရပါတယ်။ ကျွန်မသား ၁လမှာ ဆေးရုံ တက်ပြီး ခွဲစိပ်ခြင်း ခံခဲ့ရပါတယ်။ ကျွန်မ ဘုရားကို ဒေါသထွက်ခဲ့မိပါတယ်။ အပြစ်လည်း တင်မိခဲ့ပါတယ်။ ဒါပေမယ့် ဘုရားသခင် ကျွန်မကို စိတ်မတို၊ မပစ်ထားခဲ့ပါဘူး။

ကျွန်မသားဟာ ဖျားနာခြင်း မရှိပဲ ဆေးရုံကနေ ဆင်းခွင့်ရခဲ့ပါတယ်။ ကျွန်မ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းမိပါတယ်။ ဘုရားကို ဘယ်လောက် ဒေါသထွက် အပြစ်တင်လည်း ဘုရားသခင်ဟာ ကျွန်မတို့ကို ခွင့်လွှတ်စွာနဲ့ ချစ်ပါတယ်။ ကျွန်မယုံကြည်ပါတယ်။ ကျွန်မ မတတ်နိုင်တာ ဘုရားအကုန် တတ်နိုင်ပါတယ်။ ကျွန်မ ဘုရားကို ယုံကြည် ခြင်း အကြွင်းမဲ့စွာနဲ့ ဆုတောင်းခဲ့ပါတယ်။ ဒီအတွက် ကျွန်မလိုချင်တာ ဖြစ်ချင်တာကို ဘုရားပေးပါတယ်။ (ယောဟန် ၁၆း၂၃,၂၄) ကိုဖတ်ကြည့်ပါ။ ယုံ ကြည်ခြင်းဖြင့် ဘုရားသခင်ဆီကို ဆုတောင်း လျှောက်ကြပါ။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို အကြိမ်ကြိမ်ချီးမွမ်းမိပါသည်။ ကျွန်မတို့ရဲ့ အသက်ရှင်တဲ့ ဘုရားဟာ အရာခပ်သိမ်းကို တတ်နိုင်တဲ့ဘုရား ဖြစ်ပါတယ်။ သူ့ကိုယုံကြည်စွာ ဆုတောင်း လျှောက်ရင် ဆုတောင်းသမျှကို နားညောင်း ပေးနိုင်တဲ့ ဘုရားဖြစ်ကြောင်း အနည်းငယ် သက်သေခံ ဝေငှ လိုက်ပါတယ်။ အယောက်စီ တိုင်းကို ဘုရားသခင် ကောင်းကြီးပေးပါစေ။ ။ ( M.R )

---

## သခင့်အတွက်ယေါ်သားကောင်း

*နန်း ရထိုက် (က.န.ခ)*

လောကမှာ အသက်ရှင်ခွင့်ရတုန်းခဏမှာ အသက်ရှင်စေတဲ့ ဘုရားသခင်ရဲ့ အလိုတော်ကို နာခံရင် ငြိမ်သက်ဝမ်းမြောက်ခြင်းတွေနဲ့ ပြည့်စုံစေမယ်။ တော်တဲ့သူ တစ်ယောက်ဟာ မကောင်းရင် မကောင်းတဲ့အရာ များများ လုပ်တတ်တယ်။ မတော်တဲ့ သူတစ်ယောက်ဟာ ကောင်းရင် မတော်ပေမယ့် အကောင်းကိုပဲ လုပ် တတ်ပါတယ်။ တော်ဖို့ထက် ကောင်းဖို့လိုတယ်။ ကောင်းဖို့ဆိုတာ ထိုသခင်၌ရှိနေပါတယ်။ လူ့သဘောသဘာဝဟာ အကောင်း မြင်ဖို့ထက် မကောင်း တာကိုပဲ မြင်တတ်ကြပါတယ်။

နှုတ်ကြိမ်လုံးက ထွက်တဲ့ စကား တစ်ခွန်းဟာ အတွင်းဝိညာဉ်အထိ အနာ ဖြစ်စေတယ်။ စကားနဲ့ သူတစ်ပါး ကို တည်ဆောက်ဖို့ ဘုရားသခင် ဘုန်းတော် ထင်ရှားစေဖို့ အသက်ရှင်ဖို့ လိုတယ်။ စေတနာမှန်နဲ့အားပေးတတ်တဲ့ ရိုးရိုး စကားလုံးဟာလည်း တည်ဆောက် စရာ ခွန်အား ရနိုင်ပါတယ်။ ကိုယ့်ကြောင့် သူတစ်ပါးကို ထိမိ၍ လဲစရာ မဟုတ်ဘဲ တည်ဆောက်စရာဖြစ်စေပါ။ ကျမ်းစာ ထဲမှာကြည့်မယ်ဆိုရင် ဗိုလ်ချုပ် နေမန်ဟာ သူ့မယားကို ပြုစုကျွေးမွေးဖို့ အတွက် ဣသရေလပြည်မှ ကျွန် မိန်းမငယ်လေး တစ်ယောက်ကို ခေါ်လာတယ်။ ဒီကျွန်မလေးဟာ ငယ်ရွယ်ပေမယ့် ဘုရား ဘုန်းတော် ထင်ရှားဖို့အတွက် မရှက်မကြောက်ပဲ သခင့်အတွက် သခင်မ ထံ လျှောက်တင်ရဲတယ်။ ၄ရာ ၅း၃-၄ ကို ဖတ်မယ်ဆိုရင် ကျွန်မကလည်း ကျွန်မ သခင်သည် ရှမာရိမြို့၌ရှိသော ပရောဖက် ထံသို့ ရောက်ပါစေသော။

ထိုပရောဖက် သည် သခင်၌စွဲသောနူနာကို ပျောက်စေလိမ့်မည်ဟု သခင်မအားဆို၏။ ဒီကျွန်မရဲ့ စကား တစ်ခွန်းဟာ ဘုရားဘုန်းတော်ထင်ရှားစေပြီး သူတစ်ပါးကိုလည်း တည်ဆောက်စရာ ဖြစ်စေတယ်။ တဆက်တည်း ဆက်ဖတ်မယ်ဆိုရင် ဂေဟာဇိရဲ့ အသက်တာ။ ဂေဟာဇိသည် နေမန် ယူဆောင်ခဲ့သော လက်ဆောင်ကို တပ်မက်လျှက် တိတ်တိတ်လေး သယ်ယူ လာခဲ့တယ်။ ၄ရာ ၅း၂၄-၂၇မှာ ထို ဥစ္စာကို ဂေဟာဇိသည်ယူ၍ အိမ်၌ သိုထားသဖြင့် ထမ်းသောသူတို့ကို လွှတ်လိုက်ပြီးမှ ကိုယ်တိုင်ဝင်၍ မိမိ သခင်ရှေ့၌ ရပ်နေ၏။ ဧလိရှဲကလည်း ဂေဟာဇိ အဘယ်အရပ်သို့ သွားဘိ သနည်းဟုမေးလျှင် ကိုယ်တော် ကျွန်သည် အဘယ် အရပ်မှ မသွားပါဟု ပြန်ပြော သော် ဧလိရှဲက ထိုသူ သည်သင့်ကို ကြိုဆိုအံ့သောငှာ ရထားပေါ်မှာ လှည့် သောအခါ ငါ့ဝိညာဉ်သည် သင်နှင့်အတူ မလိုက်သလော။ ငွေကို ခံယူချိန် ရှိ သလော။ အဝတ်၊ သံလွင်ဥယျာဉ်၊ စပျစ်ဥယျာဉ်၊ သိုး၊ နွား၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမကို သိမ်းယူချိန် ရှိသလော။ သို့ဖြစ်၍ နေမန်၏နူနာသည် သင်၌ လည်းကောင်း၊ သင်၏သားမြေး၌ လည်းကောင်း အစဉ်အမြဲ စွဲစေ ဟုဆိုသည့် အတိုင်း ဂေဟာဇိသည် နူနာစွဲ၍ မိုးပွင့်ကဲ့သို့ ဖြူလျက် သခင့်ထံမှ ထွက်သွား၏။ ဂေဟာဇိရဲ့ နှုတ်ထွက်စကား တစ်ခွန်းဟာ သားစဉ်မြေးဆက်အထိ သက်ရောက် စေတယ်။ သခင့်အတွက် ကောင်းသော ငယ်သားကောင်းအဖြစ် ဘုရား ဘုန်းတော် ထင်ရှားလျှက် ပါဝင်ဆက်ကပ် နိုင်ကြပါစေ။ ။ *နန်း ရထိုက်*

---

## သက်သေခံချက်

*(အယ်ဖိုး)*

ရှေးဦးစွာ ဘုရားသခင်ရဲ့ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မကို စင်္ကာပူ ရောက်ခွင့်ပေးရင် သက်သေခံမယ်လို့ ဘုရားသခင်ဆီမှာ ဆုတောင်း ခဲ့တယ်။ ဒီလိုနဲ့ပဲ ၁ရက် ၇လပိုင်းမှာ စင်္ကာပူသို့ ကောင်းမွန်စွာရောက်ခဲ့ပြီး ၂၁ရက်နေ့မှာ ကျွန်မရဲ့အိမ်ရှင်တွေရဲ့အိမ်သို့ ရောက်ခဲ့တယ်။ ကျေးဇူးတော်ကြောင့် ကောင်းမွန် တဲ့အလုပ်ကို လုပ်ကိုင်ခွင့်ပေးသလို အားလုံးဟာလည်း ယုံကြည်သူတွေဖြစ်ကြတယ်။ ဒီလိုနဲ့ တစ်ရက်ပြီးတစ်ရက်၊ တစ်နေ့ပြီးတစ်နေ့၊ တစ်လပြီး တစ်လ ကျော်ဖြတ်လာခဲ့တယ်။

ဒါပေမယ့် ကျွန်မသက်သေမခံဖြစ်ခဲ့ဘူး။ ဒီလိုနဲ့ တစ်နေ့မှာ ရောဝတီမြစ်ဝကျွန်းပေါ် ပင်လယ် အောက်ပိုင်းဒေသမှာ နာဂစ် မုန်တိုင်း တိုက်တယ်။ သတင်းကြားပြီးတဲ့နောက်တစ်ပတ် ညနေ ၅း၃၀မှာ ဖုန်းထဲ မှာ ကျွန်မ သူငယ်ချင်းက ကျွန်မကို သတင်းတစ်ခုပြောမယ် “ငါပြောရင် နင်ငိုမှာ ပေါ့” ဆိုတဲ့ စကား လုံးလေးဟာ ကျွန်မရင်ထဲမှာဒီလိုမျိုးတစ်ခါမှ မခံစားဖူးတဲ့ ခံစားချက်တွေ ရင်ထဲမှာ မခံစားနိုင်အောင်ဖြစ်နေမိတယ်။ ကျွန်မသူငယ်ချင်းကို ဘယ်လို ပြန်ပြောလိုက်သလဲဆိုရင် “သူငယ်ချင်းပြောပါ ငါမငိုပါဘူး” လို့သူ့ကို ပြောလိုက်ပေမယ့် ဒီအချိန်မှာ မျက်ရည်က သူ့အလိုလိုစီးကျလာတယ်။ ကျွန်မ သူငယ်ချင်းက နင့်ညီမအလောင်းကို ရေထဲမှာမျောလာလို့ ဆယ်လို့ရတယ်။ ကျန်တဲ့ မိသားစုတွေ ရှာလို့မတွေ့သေးဘူးဆိုတဲ့အသံကြားတော့ ကျွန်မ သူငယ် ချင်းကို ဘယ်လိုမှ တုံ့ပြန်မှုမပေးနိုင်ဘူး။

ရင်ထဲမှာဆို့နင့်သွားခဲ့တယ်။ ဒီအချိန်မှာ ကျွန်မဘာလုပ်ရမလဲ စိတ်ထဲမှာလည်းမွန်းကျပ်နေပြီ။ ဒါနဲ့ ကျွန်မ သတိရတာတစ်ခု က ကျွန်မကိုဘယ်သူမှ မကူညီနိုင်ဘူး။ ဒီအချိန်မှာ ကျွန်မကို ကူညီနိုင်တာ “God” ပဲ ကျွန်မ ဆုတောင်းလိုက်တယ်။ ကိုယ်တော်သမီးကို သနား တော်မူပါ။ မိဘမဲ့ တစ်ယောက်တည်း မထားခဲ့ပါနဲ့။ သမီးကိုချစ်ရင် သမီးရဲ့ ဆုတောင်းသံကို နားညောင်းပြီး အဖြေပေးတော်မူပါ။ ညီမတစ်ယောက်တည်း ရေထဲပါသွားတယ်၊ ကျန်တဲ့မိသားစုတွေ မသေသေးဘူး။ ရှာမတွေ့သေး တာပဲ သတင်းကြား ရတယ်။ သူတို့ကို အသက်ရှင် ခွင့်ပေးတော်မူပါ။ ကျွန်မရဲ့ ဆုတောင်းချက်ကို ဖြည့်ဆည်းပေးခဲ့ရင် ကျွန်မ သက်သေခံမယ်လို့ ထပ်မံပြီး ဆုတောင်းလိုက်ပါတယ်။ နောက်မကြာခင် ရက်လေးမှာပဲ ကျွန်မရဲ့ဆုတောင်းသံကို “God” နားညောင်းပြီးအဖြေပေးခဲ့တယ်။ ကျွန်မအရမ်းဝမ်းသာခဲ့တယ်။ ကျန်ခဲ့တဲ့ မိသားစုတွေကို ဒီနေ့ရက် အချိန်ကာလအထိ ကျန်းမာပျော်ရွှင်ခြင်းနဲ့ အသက်ရှင်ခွင့်ပေးခဲ့တယ်။ ကျွန်မချစ်တဲ့ တူမလေးနဲ့ ညီမလေး နာဂစ်ထဲမှာ ဘုရားသခင် အလိုကျ ခေါ်ဆောင်သွားခဲ့သလို ကျွန်မကို ချစ်တဲ့ “God” က ကျွန်မကို မိဘမဲ့ အဖော်မဲ့စွာနဲ့ တစ်ယောက်တည်းမထားပဲ ကျွန်မ အရမ်းချစ်တဲ့ မိုးမိုး၊ ပါးပါး၊ မမ၊ မောင်လေးတွေကို အခုချိန်ထိ အသက်ရှင်ခွင့် ပေးခဲ့တယ်။ အခုအချိန်မှာ ကျွန်မစင်္ကာပူမှာ အလုပ်လုပ်ပြီး မိသားစုတွေကို တစ်ဖက် တစ်လမ်းမှ ကျေးဇူးဆပ်ခွင့်ရခဲ့တယ်။ ဒါတွေ အားလုံး ဟာ ကျေးဇူးတော်ကြောင့် ဖြစ်ပါတယ်။

ကိုယ်တော့်ကိုချစ်သော ညီအစ်ကို မောင်နှမများအားလုံး ကျွန်မ ခွန်အား ပေးချင်တာက အဓိက “God” ကိုမမေ့ဖို့ ဘုရားသခင် ပြောတဲ့အတိုင်း သင်တို့ ယုံကြည်လျှင် သင်တို့ဆုတောင်းသည့်အတိုင်း ရမည်ဟု ပြောထားပါတယ်။ ကျွန်မတို့ရဲ့ အမှုအရာတွေ၊ ကိုယ့်ရဲ့လိုအပ်ချက်တွေမှန်သမျှ သောက တွေ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၀၆ ။ ဇွန်လ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

အားလုံး ဘုရားသခင်ဆီမှာ တိုင်ပင်ပြီး ယုံကြည်စွာဖြင့် ဆုတောင်း လိုက်ပါ။ ကိုယ်တော်ဟာ ကျွန်မတို့ လူသားတွေရဲ့ လိုအပ်နေသမျှအရာအားလုံး သူ့အလိုတော်နဲ့အညီ ဖြည့်ဆည်းပေးသူဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ကျွန်မတို့ရဲ့ အနီးမှာ ရှိနေပြီး အမြဲတမ်း အခက်အခဲတွေကြားထဲမှာ ကာကွယ် ပေးနေပါတယ်။ ကျေးဇူးတော်ကို ချီးမွမ်းရင်း ခရစ်တော်၏နာမ၌ – *(အယ်ဖြိုး)*

---

## ခရစ်တော်သည် ကျွန်ုပ်၌ ရှင်တော်မူသည် (အန်ဒရူး)

ချစ်သောမိတ်ဆွေ။ ဓမ္မဟောင်းကာလ၌ ဘုရားသခင်သည် ပညာတော် (၁၀)ပါးကို လူတို့အား ပေးခဲ့သည်။ ထိုမျှမက ပရောဖက်များနှင့် ကျမ်းစာဆရာများနှင့် ဘုရားကို ရိုသေကိုင်းရှိုင်းသော ဘုရင်များကိုလည်းပေးခဲ့သည်။ သို့သော် အခြေအနေ အရပ်ရပ်တိုင်း တွင် ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေဖို့ လုပ်ဆောင်ရန် လူတို့သည် ပျက်ကွက်ခဲ့သည်။ ယခု အချိန်တွင်မူ ဘုရားသခင်၏ လကျာ်တော်ဘက်၌ သူ၏သားတော် လူသား ယေရှုခရစ် ရှိနေသည်။ ထိုသူ ပြုလုပ်သမျှ အရာရာတိုင်း၌ ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေသည်။ ယခုအခါ ဘုရားသခင်သည် ခရစ်တော်၏ဘုန်းကို ထင်ရှားစေခဲ့ပြီး ခရစ်တော်အားဖြင့် ကျွန်ုပ်တို့ကို ကောင်းချီးပေးရန် ဘုရားသခင် လုပ်ဆောင်လျက် ရှိသည်။ ဘုရားသခင်၏ကြီးစွာသော ကယ်တင်ခြင်း၌ အရာခပ်သိမ်း တို့သည် ဘုန်းထင်ရှားခြင်း ခံရသော ခရစ်တော်အားဖြင့် ကျွန်ုပ်တို့ထံ ရောက်လာသည်။ ကြီးစွာသော ကယ်တင်ခြင်း၌ အသွင် လက္ခဏာ နှစ်မျိုး ရှိပြီး၊ ရိုးရှင်းသော အကြောင်းအရာ နှစ်ခု ဖြင့် ဖေါ်ပြနိုင်သည်။

(၁) ကျွန်ုပ်သည် ခရစ်တော်အထဲ၌ ရှိသည်။ (၂) ခရစ်တော်သည် ကျွန်ုပ်အထဲ၌ ရှိသည်။

ဘုရားသခင်သည် ကျွန်ုပ်ကို စိတ်နလုံးအကြွင်းမဲ့ချစ်ပြီး ကျွန်ုပ်သည် ခရစ်တော် အထဲ၌ ရှိသောကြောင့် ကျွန်ုပ်ကို လက်ခံတော်မူသည်ကို သိခွင့်ရသည်မှာ အံ့သြဖွယ် ကောင်းလှသည်။ သို့သော် ဤနေရာ၌ ခရစ်ယာန် အသက်တာကို ဘယ်လိုအသက်ရှင် နေထိုင်ရမလဲ ဆိုသည့် အရာမှာ ကျွန်ုပ်အတွက် ပြဿနာ တစ်ခု ဖြစ်နေသည်။ အဖြေမှာ ကျွန်ုပ်၌ ကျွန်ုပ်ကိုယ်တိုင် ခရစ်ယာန်အသက်တာကို အသက်မရှင် နိုင်ပေ။ ခရစ်ယာန် အသက်တာကို အသက်ရှင် နေထိုင် နိုင် သူမှာ တစ်ယောက်တည်းသာ ရှိသည်။ ထိုသူကား ခရစ်တော် ကိုယ်တိုင်ပင် ဖြစ်သည်။ သခင်ယေရှုက "သင် ငါ့ကို ချစ်ပြီး ငါ့ကို ကျေနပ် နှစ်သက်စေချင်တယ်ဆိုတာ ငါသိတယ်။ သို့သော် သင် ခရစ်ယာန် အသက်တာကို သင့်ဘာသာ သင် အသက်မရှင် နိုင်တာလည်း ငါသိတယ်။ ဒါကြောင့် သင့်အထဲ၌ ငါ လာရောက် နေထိုင်မည်"ဟု ကျွန်ုပ်တို့ကို ပြောသည်။

ခရစ်ယာန် တစ်ယောက် ဖြစ်လာခြင်းဆိုသည်မှာ ဘာသာရေးကိုင်းရှိုင်းမှု၊ ခရစ်ယာန် တစ်ယောက်နှင့် တူအောင် ကြိုးစားရခြင်းမျိုး မဟုတ်ပါ။ ခရစ်ယာန်တစ်ယောက် ဖြစ်လာခြင်းဆိုသည်မှာ စကြဝဠာတစ်ခုလုံး၌ အံ့သြဖွယ်အကောင်းဆုံးသော "ပုဂ္ဂိုလ်" တစ်ယောက်ကို လက်ခံခြင်း ဖြစ်သည်။ လူတစ်ယောက်အတွင်းတွင် ခရစ်တော် အသက်ရှင်နေပါက ထိုသူသည် ခရစ်ယာန် ဖြစ်သည်။ခရစ်တော်သည် သူ၏တပည့်တော် များထံ ပြန်လာမည့်အကြောင်းကို ကတိပေးခဲ့သည်။ သခင်ယေရှုသည် ဤလောကမှ သူထွက်ခွာမည် ဖြစ်ကြောင်းကို တပည့်တော်တို့အား ပြောသောအခါ တပည့်တော်တို့သည် အလွန်ပင် ဝမ်းနည်း ကြသည်။ သို့သော် သခင်ယေရှုက "ငါသည် ခမည်းတော်ကိုတောင်း၍ ခမည်းတော်သည် သမ္မာတရားကိုပြေသော ဝိညာဉ်တော်တည်းဟူသော တပါးသော ဥပဇ္ဈာယ်ဆရာကို သင်တို့နှင့်အတူ အစဉ်မပြတ် တည်နေစေခြင်းငှာ သင်တို့အား ပေးတော်မူမည်။ ထိုဝိညာဉ်တော်ကို လောကီသားတို့သည် မသိ မမြင်သောကြောင့် မခံမယူနိုင်ကြ၊ ထိုဝိညာဉ်တော်သည် သင်တို့နှင့်အတူ တည်နေ၍ သင်တို့၌ ရှိနေတော်မူသောကြောင့် သင်တို့သိရကြ၏" ဟု (ယောဟန် ၁၄း၁၆) တွင် မြွက်ကြားခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော် ရောက်ရှိလာခြင်းဆိုသည်မှာ သခင်ယေရှု သည် ကိုယ်တိုင် သူတို့အတွင်း၌ အသက်ရှင်နေထိုင်ရန် ရောက်လာ ခြင်းပင် ဖြစ်သည်။ သခင်ယေရှုက" ငါသည် သင်တို့ကို မိဘမဲ့ဖြစ်စေခြင်းငှါ စွန့်ပစ်မည်မဟုတ်။ သင်တို့ဆီသို့ လာဦးမည်"ဟု ဆိုသည်။ ထို့ပြင် ပင်တေကုတ္တေပွဲ နေ့ကို ရည်ညွှန်း၍ "ငါသည် ခမည်းတော်၌ ရှိသည်ကိုလည်းကောင်း၊ သင်တို့ရှိသည် ငါ၌ရှိနေသည်ကိုလည်းကောင်း၊ ငါသည် သင်တို့၌ ရှိသည်ကို လည်းကောင်း၊ ထိုနေ၌ သင်တို့သည် သိကြရလိမ့် မည်" ဟု ပြောခဲ့သည်။(ယော၊ ၁၄း၂၀)

ရှင်ပြန် ထမြောက်ပြီးနောက် ရက် (၄၀)အတွင်းတွင် သူ၏ တပည့်တော်တို့အား (၁၀)ကြိမ် ထက်မက သခင်ယေရှုသည် ကိုယ်ထင်ရှား ပြခဲ့ သည်။ ဖြစ်ရပ်များတွင် သူသည် တပည့်တော်တို့ကို ကိုယ်ထင်ရှားခြင်း၊ သူသည် တပည့်တော်တို့နှင့် စကားစမြည် ပြောခြင်းနှင့် ပြီးနောက် ပျောက်ကွယ် သွားခဲ့ သည်။ ကိုယ်ထင် ပြခြင်း၏ ရည်ရွယ်ချက်က ဘာလဲ? ယေရှုသည် အခြားအသွင်သဏ္ဍာန်တစ်ခုဖြင့် တည်ရှိနေသည်ကို သူ၏ ယုံကြည်သူများအား အမှန် အတိုင်း အစဉ် သူ ရှိနေကြောင်းကို သိရန် သူပြုလုပ် ပြခြင်း ဖြစ်သည်။ သူသည် တပည့်တော်များ သိသော၊ ချစ်ရသော ယခင်က ယေရှုပင် ဖြစ်သည်။ သို့သော် ယခုတွင် သူသည် ဘုန်းတော်ကြွယ်ဝသော၊ အသစ်သော၊ ဝိညာဏခန္ဓာနှင့် ဘုန်းကြီးခြင်းကို ခံရသော ခရစ်တော် ဖြစ်သည်။ ထို့နောက် ကိုယ်တော်သည် ကောင်းကင် ဘုံသို့ ပြန်သွားခဲ့သည်။ (၁၀)ရက် ကြာပြီးနောက် ပင်တေကုတ္တေပွဲ နေ့တွင် တပည့်တော်တို့သည် အထက် ခန်း တွင်ရှိနေပြီး သန့်ရှင်းသောဝိညာဉ်တော် အလာကို စောင့်နေကြသည်။ ဘုန်းကြီးခြင်းကိုခံရသော ခရစ်တော်ထံမှ ရုတ်တရက် သန့်ရှင်းသော ဝိညာဉ်တော် ကျရောက်လာပြီး သူတို့ရှိနေသော အခန်းတစ်ခုလုံးကို လွှမ်းခြုံ လိုက်သည်။ တပည့်တော်တို့သည်လည်း သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ပြည့်ဝ ကုန်ကြသည်။ အကြောင်းအရာ နှစ်ခု ဖြစ်ပျက်ခဲ့သည်ကို တပည့်တော်တို့ သိ ခဲ့ကြရသည်။

(၁) သူတို့သိခဲ့၊ ချစ်ခဲ့သော ယေရှုသည် ကောင်းကင်ဘုံ၌ ဘုန်းကြီးခြင်းနှင့် ချီးမြှောက်ခြင်း ခံရပြီးဆိုတာ သူတို့ သိ ကြရသည်။

(၂) ယေရှုသည် သူ၏ဝိညာဉ်တော်အားဖြင့် သူတို့၌ နေထိုင်ရန် ပြန်လာပြီဆိုတာ သူတို့သိလိုက်သည်။ သူတို့သည် ခရစ်တော်အထဲ၌ ရှိသည်။ ခရစ်တော်သည် သူတို့အထဲ၌ ရှိသည်။ ခရစ်တော်သည် သူ၏ဝိညာဉ်တော် အားဖြင့် ကျွန်ုပ်တို့အထဲ၌ တည်နေသည်။

"သန့်ရှင်းသော ဝိညာဉ်တော်ကို သူတို့ထံသို့ စေလွှတ်ရန် တပည့်တော်တို့ထံမှ ထွက်ခွာ သွားခြင်းက တကယ်ကိုသာ၍ ပိုကောင်း၏" ဟု ခရစ်တော်သည် တပည့်တော်တို့အား မြွက်ဆိုခဲ့သည်။ ဘာဖြစ်လို့ ပိုကောင်းတာလဲ? ဘာဖြစ်လို့ ပိုကောင်းတာလဲဆိုရင် သန့်ရှင်းသောဝိညာဉ်တော် ရောက်လာ ခြင်းဆိုသည်မှာ သခင်ယေရှု ကိုယ်တော်တိုင် သူတို့၌ ကျိန်းဝပ်ရန် ပြန်လာခြင်း ဖြစ်သည်။ သူတို့နှင့် အတူရှိရန် ပြန်လာသော ယခင်မြေကြီးသား ခရစ်တော် မဟုတ်ဘဲ ဘုန်းတော် ထင်ရှားတော်မူသော ခရစ်တော်သည် သူတို့၌ အသက်ရှင်နေထိုင်ရန် ပြန်လာခြင်းပင် ဖြစ်သည်။ ယေရှုခရစ်တော်သည် ဤလောကသို့ ကြွလာခဲ့စဉ်အခါ သူ၌ ဘုရားသခင်၏ဘုန်းတော်နှင့် အခွင့်ထူးများကို စွန့်လွှတ်ထားခဲ့သည်။ သို့သော် ကောင်းကင်ဘုန်သို့ ပြန်ကြွသွားသောအခါတွင်မူ သူ၏ အခွင့်ထူး အားလုံးကို ဘုရားအဖြစ်နှင့် ပြန်လည်ရယူခဲ့သည်။ ယခုမူကား သူသည် ချီးမြှောက်ခြင်း ခံရသော လူသားတော်ဖြစ်ပြီး၊ ကောင်းကင်နှင့် မြေကြီးကို အုပ်စိုး၍ တန်ခိုး အာနုဘော်ဖြင့် ခမည်းတော်၏ လက်ျာလက်၌ ရှိနေတော်မူသည်။ ယေရှု ခရစ်တော်သည် " ဘုရားဇာတိ၊ လူဇာတိ အပြည့်ရှိသူ" ဖြစ်သည်။ ဘုန်းတော် ထင်ရှားသော လူသားအနေဖြင့် သူသည်၊ ကောင်းကင်ဘုံတွင် အရိုးနှင့် အသားနှင့် ပြည့်စုံသော ဇေကန်အမှန် ဝိညာဏ ခန္ဓာဖြင့် ရှိနေတော်မူသည်။ ဘုရားသခင်အနေဖြင့် သူသည်နေရာတိုင်းတွင် ရှိနိုင်သည်။ သူသည် လောက၌ လူဇာတိအဖြင့် ရှိခဲ့စဉ် သူ့ကိုယုံကြည်သူများနှင့် တစ်ချိန်တည်းတွင် အတူမရှိနိုင်ပေ။ ယခုမူကား ကျွန်ုပ်တို့နှင့်အတူ ရှိနေရုံမက ကျွန်ုပ်တို့အထဲ ၌ အသက်ရှင်နေနိုင်သည်။

ခရစ်တော်သည် ယုံကြည်သူတိုင်း၏အထဲ၌ ရှိနေတော်မူသည်။ ဒါက ဘာကိုဆိုလိုလဲဆိုရင် ယုံကြည်သူတိုင်းဟာ မိမိတို့အဘို့ ခရစ်တော်ကို အပိုင်ရကြသည်။ ကျွန်ုပ်၌ အစဉ်ရှိနေသော၊ ပြည့်စုံကုံလုံသော သူငယ်ချင်းတစ်ယောက်အနေဖြင့် သူသည်ကျွန်ုပ်နှင့်အတူ အမြဲရှိသည်။ ကျွန်ုပ်၏ ပြဿနာများနှင့် ဂန်ထုပ်ဂန်ပိုးများ ကို သူ့အား ပြောပြနိုင်သည်။ ခရစ်တော်ဟာ သူကိုယုံကြည်သူများအတွင်း၌ လာနေရတဲ့ အကြောင်းရင်း များစွာ ရှိပါတယ်။ အဲဒီအထဲက အချို့ကို ဆွေးနွေးကြည့်ပါမည်။ ဘုရား သခင် ဖြစ်စေချင်တဲ့ လူတစ်ယောက်ဖြစ်လာရန် ခရစ်တော် ကျွန်ုပ်အတွင်း၌ လာရောက် နေထိုင်သည်။ မိမိဘာသာ မိမိဆိုရင် ခရစ်ယာန် အသက် တာကို အသက်ရှင်နိုင်မည် မဟုတ်။ သို့သော် ခရစ်တော်က"ငါလာပြီး သင့်အတွင်း၌ ခရစ်ယာန် အသက်တာကို အသက်ရှင်မည်"ဟု မိန့်မှာခဲ့သည်။ ခရစ်တော်သည် မိမိဘုန်းတော် ထင်ရှားစေရန်အတွက် ကျွန်ုပ်၏ စိတ်နလုံး အတွင်း၌ နေထိုင်သည်။ ခရစ်တော်သည် သူ၏ချစ်ခြင်းမေတ္တာနှင့် တန်ခိုးတော်ကို ကျွန်ုပ်တို့အားဖြင့် ပြသသည်။ ကျွန်ုပ်တို့ ဤ ကမ္ဘာပေါ်တွင် ရှိနေသည့် အကြောင်းရင်းမှာ ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေရန်နှင့် သူ၏အစွမ်းဖြင့် အသက်တာများကို ပြောင်းလဲစေရန် အခြားသူများကို သက်သေပြရန် ဖြစ်သည်။ ဤကမ္ဘာ၌ သူ၏ အလုပ်ကို ဆက်လုပ်နိုင်ရန် ခရစ်တော် ကျွန်ုပ်အတွင်း၌ ရှင်နေသည်။ စာတန်သည် ကောက်ကျစ် သောသူများကို ခရစ်တော်အား သတ်ရန် လှုံ့ဆော်ပြီးနောက် ဤ ကမ္ဘာပေါ်တွင် ခရစ်တော်၏လုပ်ဆောင်မှုကို အဆုံးသတ်နိုင်ပြီဟု စာတန်ထင်နေသည်။ သို့သော် စာတန်အမှားကြီး မှားသွားခဲ့သည်။

ဘုရားသခင်သည် ခရစ်တော်ကို သေခြင်းမှထမြောက်စေခဲ့ပြီ ကောင်းကင်ဘုံ၌ အမြင့်ဆုံး သော နေရာကို သူ့၌ ချီးမြှောက်တော် မူ ခဲ့သည်။ ခရစ်တော်ကို ယုံကြည်သော သူတို့၏ စိတ်နလုံး အတွင်း၌ နေအံ့သောငှာ ဝိညာဉ်တော်အားဖြင့် သူ ပြန်လာတော်မူသည်။ ယခုအခါတွင် ယုံကြည်သောသူ အယောက်တိုင်းတို့၏ အတွင်း၌ ခရစ်တော် အသက်ရှင်၍ ရှိနေသည်။ စာတန်သည် မြေကြီးပေါ်၌ ခရစ်တော်တစ်ပါးတည်းကိုသာ ရင်ဆိုင်ရမည့်အစား သန်းပေါင်းများစွာသော ခရစ်တော်ကိန်းဝပ်ရာ ယုံကြည်သူတို့နှင့် စာတန်ရင်ဆိုင်နေရသည်။ ခရစ်တော်ကို ကျွန်ုပ်တို့အား ပေးခြင်းအားဖြင့် ကျွန်ုပ်တို့၏ လိုအပ် ချက် များအား ဘုရားသခင် ဖြည့်ဆည်းပေးသည်။ ဤကမ္ဘာပေါ်တွင် ဘုရားသခင်



သခင့်စကား ဝိညာဉ်ရေး ရာ စာစောင်၊ အမှတ်စဉ် ၁၀၆ ။ ဇွန်လ ၂၀၁၀ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ကို နှစ်သက်ကျေနပ်စေသော အသက်တာမျိုးဖြင့် အသက်ရှင်နိုင်ရန် လိုအပ်သော အရာများ ကို တန်းစီရေတွက် ရမည်ဆိုလျှင် အောက်ပါ အတိုင်းဖြစ်ပေလိမ့်မည်။

ဉာဏ်ပညာကို ကျွန်ုပ်လိုအပ်၏။ ချစ်ချင်းမေတ္တာကို ကျွန်ုပ်လိုအပ်၏။ ငြိမ်သက်ခြင်းကို ကျွန်ုပ် လိုအပ်၏။ ဝမ်းမြောက်ခြင်းကို ကျွန်ုပ်လိုအပ်၏။ ခွန်အားကို ကျွန်ုပ်လိုအပ်၏။ သည်းခံခြင်းကို ကျွန်ုပ်လိုအပ်၏။ စိတ်ကျေနပ် ရောင့်ရဲခြင်းကို ကျွန်ုပ်လိုအပ်၏။ အစွမ်း တန်ခိုးကို ကျွန်ုပ်လိုအပ်၏

အမှန်တကယ်အားဖြင့် အထက်ပါအရာများသာမက အခြားအရာများပါ ကျွန်ုပ်၏ တန်းစီ စာရင်းထဲတွင် ပါဝင်နိုင်သည်။ လိုအပ်သည့်အရာများ ကို ကျွန်ုပ်သိချင်မှ သိမည်။ သို့သော် ကျွန်ုပ် မတွေးမိသည့်အရာ ကျွန်ုပ်၏ လိုအပ်ချက်များကိုပင် ဘုရားသခင် သိတော်မူသည်။ ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာ လိုအပ်ချက်များကို ဘုရားသခင် ဘယ်လို ဖြည့်ဆည်းပေးသလဲ? ကျွန်ုပ်၌ ရှင်ရန် ခရစ်တော်ကို ကျွန်ုပ်အား ပေးခြင်းဖြင့် ဘုရားသခင် သည် ကျွန်ုပ်၏ဝိညာဉ်ရေးရာ လိုအပ်ချက်ကို ဖြည့်ဆည်း ပေးသည်။ အရာအားလုံးကို ဘုရားသခင်ထံမှ ကျွန်ုပ်တို့ရသည်။ သို့သော် အခြား ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သော ယေရှုခရစ်ထံမှ ရသည်။ သမ္မာကျမ်းစာက "ကောင်းကင်ဘုံနှင့် ဆိုင်သော အရာတို့၌ ခပ်သိမ်းသောမင်္ဂလာတို့ကို ခရစ်တော်အားဖြင့် ငါတို့အား ပေးသနားတော်မူသော ငါတို့သခင်ယေရှု၏ ခမည်းတော်ဘုရားသခင်သည်မင်္ဂလာရှိစေတော်မူသနည်း" ဟု ဧဖက် ၁း၄ တွင် ဖော်ပြထားသည်။ ဘုရားသခင်၏ လက်ျာလက်တော်ဘက်၌ ထိုင်တော်မူသော သခင် ယေရှုထံမှ အရာအားလုံးကိုရရှိကြောင်းကို ကျွန်ုပ်တို့သိရန် လိုသည်။ ခရစ်တော်ကို ပေးခြင်း ဖြင့် ကျွန်ုပ်တို့အစဉ်လိုသောအရာ အရာအားလုံးကို ဘုရားသခင်က ပေးခဲ့ပြီး။ သမ္မာ ကျမ်းစာက "အကြောင်းမူကား၊ ဘုရားသခင်၏ ဇာတိအဖြစ် တော်၏ ပြည့်စုံခြင်း အပေါင်းသည်ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကျိန်းဝပ်တော်မူ၏" ဟု (ကောလောသဲ ၂း၉,၁၀) တွင် ဖော်ပြထားသည်။

<u>ခရစ်တော်သည် ကျွန်ုပ်၏ဉာဏ်ပညာ ဖြစ်သည်။</u> ကျွန်ုပ်ဉာဏ်ပညာ လိုပါက ကျွန်ုပ် သူ့ထံလှည့်ရန် လိုသည်။ ကျွန်ုပ် ဘာလုပ်သင့်သည်ကို သူ သိပြီး သူ ကျွန်ုပ်၌ ရှင်တော်မူသည်။ ကျမ်းစာက " ထိုနက်နဲ သော အရာ၌ ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာ ရှိသမျှ တို့သည် ဝှက်ထားလျက်ရှိကြ၏။ "ဟု ဆိုသည်။ (ကော၊ ၂း၃)

<u>ခရစ်တော်သည် ကျွန်ုပ်၏ခွန်အားဖြစ်သည်။</u> ဒါဝိဒ်က သခင်ဘုရားသည် ငါ့ဘဝ၏ ခွန်အား ဖြစ်သည်။ ငါမည်သူ့ကို ကြောက်ရမည်နည်း။ ငါ့ထဲ၌ရှိသူသည် ဘုရားသခင် ဖြစ်သည်။ သူသည် ကောင်း ကင် နှင့် မြေကြီးပေါ်၌ တန်ခိုးအလုံးစုံရှိ သူ ဟု ဆိုထားသည်။ ရှင်ပေါလုကလည်း "ငါ့ကိုခွန်အားနှင့်ပြည့်စေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်း သော အရာတို့ကို ငါတက်စွမ်းနိုင်၏" ဟု ဖိ ၄း၁၃ တွင် ဆိုထားသည်။

<u>ကျွန်ုပ်၏ချစ်ခြင်းမေတ္တာသည် ခရစ်တော်ဖြစ်သည်။</u> ချစ်ချင်းမေတ္တာသည် ပုဂ္ဂိုလ် တစ် ယောက် ဖြစ်သော ယေရှုခရစ် ဖြစ်သည်။ လူအားလုံးကို ချစ်သောသူမှာ ခရစ်တော် ဖြစ် သည်။ ကျွန်ုပ်၌ သူ ရှင်တော်မူပြီး ကျွန်ုပ်၏ချစ်မေတ္တာ ဖြစ်သည်။ ခရစ်တော်၏ ချစ်ခြင်း မေတ္တာသည် ကျွန်ုပ်တို့၌ ရှိနိုင်သော အရာအားလုံးထက် သာလွန်၍ ကြီးမြတ် သည်။ ခရစ်တော်၏ ချစ်ခြင်းမေတ္တာသည် ဘယ်လိုမျိုးလဲဆိုတာ ဖော်ပြထားသည်ကို ၁ကော (အခန်းကြီး ၁၃)တွင် တွေ့နိုင်သည်။ ဒီအခန်းကြီးကို ဖတ်ပြီး "ချစ်ခြင်းမေတ္တာ" ဟု ရေးထားသည့်နေရာများတွင် "ခရစ်တော်" ဟု အစားထိုးပြီး ဖတ်ကြည့်ပါ။

<u>ခရစ်တော်သည် ကျွန်ုပ်၏ ငြိမ်သက်ခြင်းဖြစ်သည်။</u> သမ္မာကျမ်းစာက "ခရစ်တော်သည် ကျွန်ုပ်တို့၏ ငြိမ်သက်ခြင်း ဖြစ်သည်" ဟု ဆိုသည်။ ဤကမ္ဘာမှ ခရစ်တော် ပြန်မကြွမီ ခရစ်တော်သည် တပည့်တော် များကို "ငြိမ်သက်ခြင်းကို သင်တို့၌ငါထားခဲ့၏။ ငါ၏ ငြိမ်သက်ခြင်းကို သင်တို့အား ငါပေး၏။ လောကီသားတို့ပေးသကဲ့သို့ ငါပေးသည်မဟုတ်။ သင်တို့ စိတ်နလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်း မရှိစေနှင့် (ယော ၁၄း၂၇) မိန့်မှာတွင် ခဲ့သည်။

<u>ခရစ်တော်သည် ကျွန်ုပ်၏ဝမ်းမြောက်ခြင်းဖြစ်သည်။</u> သမ္မာကျမ်းစာက "ခရစ်တော်၌ ဝမ်းမြောက် ကြလော့။ သာ၍ဝမ်းမြောက်ကြလော့"ဟုဆိုထားသည်။ အခြေအနေအချိန် အခါ အရ ကျွန်ုပ်တို့သည် အမြဲတမ်း ဝမ်းမြောက်နိုင်မည် မဟုတ်။ သို့သော် ကျွန်ုပ် တို့ အတွက် အသေခံပြီးရွေးနှုတ်တော်မူသော ခရစ်တော်၌မူ ကျွန်ုပ်တို့ အစဉ်မပြတ် ဝမ်းမြောက် နိုင်သည်။

<u>ခရစ်တော်သည် ကျွန်ုပ်၏သည်းခံခြင်းဖြစ်သည်။</u> ကျွန်ုပ် ကိုယ်၌ အခြားလူတွေ အပေါ်သို့ သိပ်ပြီးသည်းခံနိုင်မည်မဟုတ်။ သို့သော် ယခုတွင် ခရစ်တော်သည် ကျွန်ုပ်အတွင်း၌ နေအံ့သောငှာလာ၍ ကျွန်ုပ်၏ သည်းခံခြင်း ဖြစ်လာသည်။ သမ္မာကျမ်းစာထဲတွင် "ဝမ်းမြောက် သောစိတ်နှင့် အရာရာ၌ သည်းခံခြင်း၊ စိတ်ရှည်ခြင်းအလိုငှါ၊ ဘုန်းကြီး သော တန်ခိုးတော် အတိုင်း ခွန်အားနှင့်ပြည့်စုံစေရန်" ကျွန်ုပ်တို့အတွက် ဆုတောင်းပေးထားသည်။

<u>ခရစ်တော်သည် ကျွန်ုပ်၏စိတ်ကျေနပ် ရောင့်ရဲခြင်း ဖြစ်သည်။</u> ခရစ်တော်က "ငါသည် ကောင်း ကင်ဘုံမှ ဆင်းသက်သော အသက်ရှင်စေသော မုန့်ဖြစ်၏"ဟု ဆိုသည်။ မုန့်ဆို သည်မှာ ကျွန်ုပ်တို့ကို စိတ်ကျေနပ်မှုပေးပြီး အသက်ရှင်စေသောအရာဖြစ်၏။ ခရစ်တော် သည် ကျွန်ုပ်တို့၏ "အသက်မုန့်" ဖြစ်ပြီး ကျွန်ုပ်တို့ကို စိတ်ကျေနပ်မှု အပြည့်အဝပေးပြီး အသက်ရှင် စေသူ ဖြစ်၏။

<u>"ခရစ်တော်သည် ကျွန်ုပ်၏အစွမ်းတန်ခိုးဖြစ်သည်"</u> သမ္မာကျမ်းစာက ခရစ်တော်သည် "ဘုရား သခင်၏တန်ခိုးတော်" ဖြစ်သည်ဟု ဆိုသည်။ ဘုရားသခင်၏ တန်ခိုးတော်နှင့်ပြည့် စုံ၍ ဘုရားသခင်၏ လက်ျာ တော်ဘက်၌ ထိုင်နေသူအဖြစ် ခရစ်တော်ကို တွေးကြည့်ပါ။

ထိုတန်ခိုးတော်ကို သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ရရှိရန် ကျွန်ုပ်တို့နှင့် ဆက်သွယ် ပေးသည်။ ဤကမ္ဘာတွင် ကျွန်ုပ်တို့ ကြုံတွေ့ရသော ဆင်းရဲဒုက္ခများ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ အစွမ်းတန်ခိုးကို ခရစ်တော်ထံမှ ကျွန်ုပ်တို့ ရယူနိုင် သည်။ အရာခပ်သိမ်းသည် ခရစ်တော်၌ ရှိသည်။ ခရစ်ယာန်အသက်တာ၌ ကျွန်ုပ် လိုအပ်သော အရာခပ်သိမ်းသည် ခရစ်တော်၌ ရှိသည်။ မေးခွန်းမှာ မည်ကဲ့သို့ ဤ အရာမျိုးကို ဤ နေရာ၌ ကျွန်ုပ် ရနိုင်ပါသနည်း။ အဖြေမှာ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ကျွန်ုပ် ရသည်။ သန့်ရှင်း ဝိညာဉ်တော် ဆိုသည်မှာ "ခရစ်တော်၏ဝိညာဉ်" ဖြစ်သည်။ ခရစ်တော်၌ ရှိသော ထို ဝိညာဉ်သည်လည်း ကျွန်ုပ်ထံ၌ ရှိသည်။

ကျွန်ုပ်လိုအပ်သမျှ အရာအားလုံး ခရစ်တော် ထံ၌ရှိပြီး သူ၏ ဝိညာဉ်တော်ဖြင့် ခရစ်တော်သည် ကျွန်ုပ်၏စိတ်နလုံး၌ နေသည်။ ခရစ်တော်သည် ကျွန်ုပ် ဘဝ သစ်၏ အရင်းအမြစ်၊ ပျော်ရွှင်မှု၊ ခွန်အား ဖြစ် သည်။ ကျွန်ုပ်ဘာသာ ကျွန်ုပ်ဆိုလျှင် ကျွန်ုပ်သည် အားနည်းပြီး ကျွန်ုပ်ကို ဆန့်ကျင် တိုက်ခိုက် နေသော အရာများစွာရှိသော အပြစ်ရှိသော ကမ္ဘာ၌ အသက်ရှင် နေရ သည်။ သို့သော်လည်း ကျွန်ုပ်ကို စိတ်သက်သာရာ ရစေသော အရာနှစ်ခုရှိသည်။ ကျွန်ုပ် စိတ် ဝိညာဉ်အားဖြင့် ခရစ်တော်ရှိသောနေရာ၌ သူနှင့်အတူ ကျွန်ုပ် ပေါင်းစည်းသည်။ ခရစ် တော်က ဘယ်မှာလဲ? သူသည်ဘုရားသခင်၏ လက်ျာလက်ဘက်၌ရှိပြီး ကောင်းကင်ပေါ် မြေကြီး ပေါ်၌ တန်ခိုးတော်နှင့် ပြည့်စုံသည်။ အကူအညီ လိုအပ်သည့် အခါတိုင်း သူထံမှ တောင်းခံနိုင်သည်။ ကျွန်ုပ်ကို ကူညီရန် သူအမြဲတမ်းရှိသည်။ ခရစ်တော်၏ တန်ခိုးတော် သည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဤ နေရာမှာ ကျွန်ုပ်၌ ရှိသည်။ ခရစ်တော်က "သင် လိုသမျှ အရာအားလုံး ငါပေးမည် သို့သော် ထိုအရာများအတွက် ငါ့ကို သင်မှီခိုရမည်" မိန့်မှာခဲ့သည်။ ကျွန်ုပ်၏ လိုအပ်ချက်အားလုံးကို ခရစ်တော်၌ မှီခိုခြင်းအားဖြင့် ကျွန်ုပ်သည် ဘဝကို "အောင်မြင်စွာကျော်လွှားနိုင်သူ" တစ်ယောက် ဖြစ်နိုင်ပါသည်။

ကျွန်ုပ်၏ ဘဝ အသက်တာ၌ အထက်ပါ သမ္မာတရားများကို မည်သို့ အသုံးချမည်နည်း။ သင်၏အသက်တာကို ပြောင်းလဲစေမည့် ရိုးရှင်းသော အဆင့်(၃)ဆင့်ရှိသည်။ (၁) သမ္မာတရားကို သိပါ။ (၂) သမ္မာတရားကို ရယူပါ။ (၃) သမ္မာတရားအတိုင်း အသက်ရှင်ပါ။ ဤအရာများကို ကျွန်ုပ်တို့ စဉ်းစားကြ ပါစို့။

(၁) သမ္မာတရားကို သိပါ။

ယေရှုက "သမ္မာတရားကိုလည်း သိကြသဖြင့်၊ ထိုတရားသည် သင်တို့ကို လွတ်လိမ့်မည်" ဟု ဆိုသည်။ (ယော ၈း၃၂)

သမ္မာတရား ဆိုသည်မှာ လူသားယေရှုခရစ်တော်သည် စကြဝဠာ၏ အရှင်သခင်အဖြစ် ချီးမြှောက် ခြင်းခံရပြီး သူသည် ကျွန်ုပ်အထဲ၌ သူ၏ဝိညာဉ်တော် အားဖြင့် ရှိတော်မူသည်။ ဤနေရာ၌ ခရစ်တော်အတွက် အသက်ရှင်ရန် ကျွန်ုပ် လိုအပ်သည့်အရာ အားလုံး ခရစ်တော် ထံ၌ ရှိသည်။ သမ္မာကျမ်းစာက " ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်း အပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကျိန်းဝပ်တော်မူ၏။ ထို့ကြောင့်ထိုသခင်၌ သင်တို့သည် စုံလင်လျက်ရှိသည် "ဟု ရေးသားထားသည်။(ကောလောသဲ၊ ၂း၉,၁၀)

(၂) သမ္မာတရားကို ရယူပါ။

ကျွန်ုပ်၏ ကယ်တင်ရှင် ယေရှုခရစ်သည် ဘုန်းတော်ထင်ရှားပြီး ဘုရားသခင်၏ လက်ျာ လက်တော် ဘက်၌ ချီးမြှောက်ခြင်းခံရသည်။ သူသည် ကျွန်ုပ်၏ ကယ်တင်ရှင် ဖြစ်ရုံမက ကျွန်ုပ်၏ မိတ်ဆွေ၊ ကျွန်ုပ်အသက်တာသစ်၏အရင်းအမြစ်၊ ပျော်ရွှင်ဝမ်းမြောက်မှုနှင့် ခွန်အား ဖြစ်သည်။ ကျွန်ုပ်သည် သမ္မာတရားကို သိရုံမက ကျွန်ုပ်အပိုင်ဖြစ်စေရန် သမ္မာ တရားကို ရယူရမည်။"ခရစ်တော်ကို ယုံကြည်သူတို့ အတွင်း၌ ခရစ်တော်ရှိသည်" ဟု သိရုံ မဟုတ်ဘဲ "ကျွန်ုပ်အတွင်း၌ ခရစ်တော်အသက်ရှင်သည်" ကို သိရမည်။ "ခရစ်တော်သည် သူ့ကို ယုံကြည်သူတို့ကို ချစ်သည်" ကို သိရုံမက "ခရစ်တော် ကျွန်ုပ် ကိုချစ်" ကိုသိရမည်။ တမန်တော် ပေါလု သမ္မာတရားကို သူ၏အပိုင် ဖြစ်စေသည်။

သူက "ဘုရားသခင်၏ သားတော်သည် ကျွန်ုပ်ကိုချစ်ပြီး ကျွန်ုပ်အတွက် ကိုယ်ကို ကိုယ်စွန့်သည်" ဟုပြောခဲ့သည်။ "ကျွန်ုပ် အတွင်း၌ ခရစ်တော် အသက်ရှင်သည်" ၏ အဓိပ္ပာယ်မှာ "သခင်ယေရှုခရစ်တော်နှင့် ရင်းနှီး နွေးထွေးစွာ အချိန်တိုင်း ပေါင်းသင်း ဆက်ဆံ နိုင်သည့် အခွင့်ထူးမှာ ကျွန်ုပ်၌ရှိသည်။ သူသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်ပြီး၊ ဘုရားသခင်၏ လက်ျာလက်တော်ဘက်၌ ထိုင်လျက်ရှိ၏။ အခြားသူများ ကျွန်ုပ်ကို မည်သို့ ထင်မြင်မည်ကို ကျွန်ုပ်စိတ်မဝင်စားပါ။ ခရစ်တော် ကျွန်ုပ်ကို ချစ်သည်။ ကျွန်ုပ်လည်း ခရစ်တော်ကို ချစ်သည်။ သူ့ကို သိခွင့်ရခြင်းသည် ဤကမ္ဘာမှ ပေးသည့် အရာအားလုံးထက် သာလွန်သည်။

(၃) သမ္မာတရားအတိုင်း အသက်ရှင်ပါ။

ဤအရာသည် ဘာကို ဆိုလိုလဲဆိုရင် "ကျွန်ုပ်အတွင်း၌ရှိသော ခရစ်တော်ကို ကျွန်ုပ် မှီခိုအားထား သည်။ သူသည် ဘုရားဖြစ်သည်။ စကြဝဠာကို ဖန်ဆင်း သူ မှာ သူဖြစ်သည်။ ကျွန်ုပ် အတွင်း၌ ခရစ်တော်ရှိလျှင် လုံလောက်ပြည့်စုံပြီဟူ၍ ဖြစ်သည်။

စာတန်က "မင်းအောင်မြင်မှာ မဟုတ်ဘူး၊ ခရစ်ယာန် အသက်တာကို မင်းအသက် ရှင်နိုင်မှာ မဟုတ်ဘူး" ဟုဆိုသည်။ ကျွန်ုပ်က "သခင်ယေရှု ကိုယ်တော်သည် ဘုရားသခင်ဖြစ်ပြီး ကျွန်ုပ်အတွင်း၌ရှိသည်။ ယနေ့ ကျွန်ုပ်တွင် ဖြစ်ပျက်ခဲ့သမျှ အရာအားလုံးအတွက် ကိုယ်တော်၏ကျေးဇူးသည် လုံလောက်ပေသည်။ ကျွန်ုပ်၌ ကိုယ်တော်၏ အသက်တာ ကို အသက်ရှင်နိုင်ရန် အကျွန်ုပ် ကိုယ်တော်ကို ကိုးစားပါသည်။

ဘ၊ အသက်တာတွင် အောင်မြင်ရန် လျှို့ဝှက်ချက်များထဲမှ တစ်ခုမှာ သခင်ဘုရားနှင့် အချိန် ယူဖို့၊ နှုတ်ကပတ်တော်ကို လေ့လာရန်နှင့် ဆုတောင်းရန် ဖြစ်သည်။ ဤအရာကို "Quiet Time" ဟု ခေါ်သည်။ " သခင်ဘုရား၌ မျှော်ကိုးခြင်း" ဟုလည်း ခေါ်သည်။ သမ္မာကျမ်းစာက "အကယ် စင်စစ် ကိုယ်တော် ကို မျှော်လင့်သော သူတို့သည် ရှက် ကြောက်ခြင်းသို့ မရောက်ကြပါဟု" ဆိုထားသည်။(ဆာ၊ ၂၅း၃)

ရှာဖွေတွေ့ရှိခဲ့ရသော သမ္မာတရား ရတနာ

ခရစ်တော်သည် ကျွန်ုပ်၌ ရှင်တော်မူသည်။ ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်း အပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကျိန်းဝပ် တော်မူ ၏။ အကျွန်ုပ် ရင်ဆိုင်ရနိုင်သော အရာ တစုံတခုအတွက် သူသည် ကျွန်ုပ်အဘို့ လောက်ပေသည်။ **အန်ဒရူး**

---

## သခင့်အနားကချစ်သူဆီ

*ဇင်မာ (ပုသိမ်)*

"အိုဘုရားသခင်" လို့ ပါးစပ်က အာမေဋိတ်သံ ထွက်သွားမိပါတယ်။ ဘုရားရှိခိုး နေတဲ့ လူအများကြားက "ကျွန်တော့နာမည် ခေါင်ဇယ် ကချင် ပြည်နယ် ဝိုင်းမော် မြို့နယ်ကပါ" ဆိုပြီး မိတ်ဆက်နေစဉ် ကိုယ့်မျက်လုံးများ ဝိုင်းစက်သွားပြီး ဘာရယ် မသိ၊ နှလုံးသားနေရာ တစ်ခုကတော့ ထိန်းချုပ် မရ သေချာ တာကတော့ "မဟုတ် ပါဘူး နာမည်တူပါလို့" လူမသိသူမသိ အသာလေး ကိုယ့်ကိုယ်ကို ငြင်းလိုက် မိခဲ့တယ်။ "ဟင် ..." အပြန်လမ်း ခြေလှမ်းများ လေးနေသယောင်ယောင် နောက်ကျ ပြန်တော့ အိမ်ရှင်က မကြည်၊ ကိုယ်လုပ်ရတာက စင်ကာပူက သူများရဲ့ အိမ်ဖော် ဘ၀၊ အပြင်ထွက်ခွင့်ရချိန်ကတော့ ၁၂ နာရီခွဲမှ အပြန် City Hall မှာလိုချင်တာ နဲနဲ ပါးပါးဝယ်။နောက်ကျရင်တော့ အဆူခံလိုက်ရုံပေါ့။ အခုထိ အရာရာတိုင်းကို အလေး မထားတာက အမှားတစ်ခုပေါ့။ ဘာပဲဖြစ်ဖြစ် ဘုရားရှင် အလိုတော် အတိုင်းပေါ့။ အိမ်ပြန်ရောက်တော့ ဘုရားကျောင်းက အဖြစ်အပျက်ကို ပြန်စဉ်းစား နေမိတယ်။ ကိုယ့်မျက်စိတွေ ဘယ်လိုမှ မှိတ်မရခဲ့ဘူးကွယ်၊ သူရဲကောင်း သီချင်း နားထောင်ပြီး ပါးပြင်ပေါ် မျက်ရည်တွေ တားဆီးမရ ကျလွင့်ခဲ့တယ်။ "တိုက်ဆိုင် တာလား ဂျုံဇီရယ်။" အမှားများစွာ အတွက် ငါ့ကိုခွင့်လွတ်နော်။ စိတ်ကူးများက ဟိုး လွန်ခဲ့သော နှစ်များစွာက အမိမြန်မာပြည်ဆီမှာ – – –

ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဆိုတဲ့ ဆိုင်းဘုတ်ကြီးက ဝံ့ထည်လို့၊ တမာရနံ့သင်းတဲ့ အညာမြေတစ်ခုဆီမှာပေါ့။ တောင်ပေါ် မြေပြန့် ပန်း ကလေးတွေက ကျက်သရေရှိလိုက် တာကွယ်။ ကိုယ် အရမ်း ကြည်နူး ဂုဏ်ယူခဲ့မိ တယ်။ အုပ်ချုပ်သူအဘ ပါမောက္ခကြီးနှင့်အတူ ဆရာ/ဆရာမ များကလည်း တကယ့်ရင်သွေးသားသမီးတွေလို အစစအရာရာ သင်ပြပြုပြင်ပေးလို့ ကိုယ့်အတွက် မမြင်ဘူး အသစ်ထူးတဲ့ နေရာလေးပေါ့။ "ကျန်စစ်သား အသင်းကသူတွေ ပေါက်တူး၊ ဂေါ်ပြား၊ တူရွင်းယူပြီး ထွက်ခဲ့ကြဟေ့" လို့ အသင်း ခေါင်းဆောင် မွန်လူမျိုးက ဆော်ဩ ပေးတော့တို့အဖွဲ့တွေ ဂေါ်ပြားယူသူ ခြင်းတောင်းယူသူ အသီး သီး ယူပြီး အားကစားကွင်း ဘေးပတ်လည် စီရီနေတဲ့ ယင်းမာပင် အောက်မှာပေါ့။ "တွေ့လား ဇင်မာ ဟိုအလယ်က သူ့နာမည် ဂျုံဇီ တဲ့ ငါတို့ အခန်းကပေါ့ ရည်းစားများတာ ဒါပေမဲ့ သီချင်းဆိုအရမ်း ကောင်းတာဟ ကိုင်ဇာအသံလိုလိုနဲ့" "ဟုတ်လား စိတ်မဝင်စားပေါင် ကိုယ့်အလုပ်ကို လုပ်ကြ"

တနင်္ဂနွေအပတ်တိုင်း ကိုယ်တို့ခရစ်ယာန်ကျောင်းသား/သူ ဆရာမတွေ ဝတ်ပြု ရှိခိုးကြတဲ့ အခန်းဆီမှာတော့ ချင်းဆရာက ကြော်ငြာစရာ ရှိတာကြော်ငြာ၊ အပြန်အလှန် ကျမ်းစာဖတ် သူတွေဖတ်နဲ့ တပင်တိုင် ဂုဏ်တော်ချီးမွမ်းဖို့ အလှည့်ကျတာကတော့ ပထမနှစ်က ဂျုံဇီဖြစ်ပါတယ်။ ကိုယ်လည်း သတိထားမိလိုက်တယ်။ ကိုင်ဇာအသံလိုလို ရင်ထဲ ထိုးဖောက် သွားနိုင်စွမ်းရှိတဲ့သူ အသံလေး ပေါ့။ ဘာရယ် သူဆိုတာ ကိုယ်တော်နဲ့ နီးနီးလေး နေချင်တယ်တဲ့။ ဒုတိယနှစ်ဆရာမဒေါ်ဌေးဌေး (အကနည်းပြ)က "သမီးတို့ ပြည်ထောင်စုနေ့မှာ ဖျော်ဖြေရေး အစီအစဉ် ရှိတယ်။ ဆရာမခေါ်ထားတဲ့သူတွေ လာခဲ့ကြနော်" အိုးစည်ဗုံသံတွေကြား မြန်မာ့ရိုးရာ သူငယ်တော် အကနဲ့ လေ့ကျင့် နေတဲ့ ကိုယ်တို့အခန်းဆီ ကျောင်းသား/သူများ မျက်လုံးလေးတွေ တစ်ဝဲ လည် လည်ပေါ့။ သိတဲ့အတိုင်း မိန်းကလေးရှစ်ယောက်က အမိ တက္ကသိုလ်က ကျွေးတဲ့ ငပိကြော်ပဲဟင်း၊ အညာဆန် ကောက်ကြမ်းစားပြီး ခါးကြီးဖင်ရှူး၊ ငရုံ့ကိုယ်လုံး၊ ဆင်မယဉ်သာ အဲဟုတ်ပါဘူး။ ကျွဲမယဉ်သာ ဆိုသလို တကယ့် ဝကစ်ကစ် လေးတွေပေါ့။

ဒီအပတ်တနင်္ဂနွေ ဘုရားရှိခိုးတော့ ထုံးစံအတိုင်း ဝတ်ပြုစည်းဝေး စတင်ပြီး အပြန်အလှန်ကျမ်းစာ ဖတ်ချိန် ကိုယ်က သုတ္တံကျမ်း အခန်းကြီး ၁၆ ၊ ၁း၄ ကိုရွေးပြီး အထမှာ ကိုယ့် နောက်လှစ်ကနဲ လိုက်ကပ်လာတဲ့ အရိပ်လေး ကိုယ်နဲ့အတူ ကျမ်းစာဖတ်ဖို့ သူလိုက်လာတာပါလား။ ကိုယ့်အသံတွေ ဘယ်လို ဖြစ်မှန်းမသိတုန်တုန်ယင်ယင်နဲ့ အဲဒီနေ့က သူတစ်ပင်တိုင်ဆိုပြန်တယ်။ သူ့ရဲ့ လက်စွဲတော် ကိုယ်တော်နဲ့နီးနီးလေးပေါ့။

"ကျွန်တော် ဆိုတာ နားထောင် ကောင်းသလား ဟင်" ကိုယ်လည်း ကြောင် အမ်းအမ်းကြီးနဲ့ "ကိုင်ဇာအသံနဲ့ တူတယ် ငါသိပ်ကြိုက်တာပဲ" လို့ပွင့်ပွင့် လင်းလင်းကြီး ပြောလိုက်တဲ့ ကိုယ်ကို (ကျေးကျူး ကမ္ဘာဆိုင်) ကချင်လို၊ မြန်မာလို (ကျေးဇူးတင်ပါတယ်ပေါ့) ပြည်ထောင်စုနေ့ ကပွဲနေ့ရောက်တော့ ကချင်ပြည်နယ်က မနောက၊ ချင်းပြည်နယ်က ဝါးညှပ် အက၊ကယားပြည်နယ်က ကိန္နာရီ၊ ကိန္နာရာ အက၊ ကရင် ပြည်နယ်က ဒုံးယိမ်း၊ ရှမ်းပြည်က မောရှမ်းအက၊ ရခိုင်ပြည်နယ်က ယိမ်းအက၊ မွန်ပြည်နယ်က ဟသ်ာ အကတွေအကြား ကိုယ်တို့ပြည်မအဖွဲ့ က စည်းချက်ညီညီ၊ ဗုံတီးသံနဲ့ မြူးမြူး ကြွကြွသွက်သွက်လက်လက် အရုပ်လေးတွေ အတိုင်းပဲလေ။ နဂိုကမှ ဝကစ်ကစ် လေးတွေ သျှောင်ထုံးနှစ်ဖက်၊ ပါးကွက်ညီညီ၊ ရွှေခြေကျင်း ရွှေလက် ကောက်ကြီးတွေနဲ့ မင်သားရုပ်လေးတွေလို မျက်စိမှိတ်လိုက်၊ လျှာထုတ်လိုက်နဲ့ ပွဲအပြီး ပရိတ်သတ်ဩဘာ လက်ခုပ်သံတွေ ဝေစီလို့ပေါ့။

"မဇင်မာ" "အော် ဂျုံဇီ မဇင်မာတို့ကတာ ကျွန်တော် အရမ်း သဘောကျတယ်။ အရမ်းလှတာ ပဲနော်။ ကျွန်တော့်ကို ခင်မင်ခွင့်ပြုပါ" "အိုနင်က ရီးစားများများ ငါ့ဆီမလာနဲ့ ဘေးက သူများတွေ ကြည့်နေကြတယ်။ တစ်မျိုးမြင်နေအုံးမယ်" " မဇင်မာမကြိုက်ရင် ကျွန်တော်မလာတော့ ပါဘူးဗျာ" ဘာရယ် မဟုတ် ရီးစားမရှိ ရီးသားစွာနေလာတဲ့ကိုယ့်ကို အများကတစ်မျိုးထင်မှာ မခံချင်ဘူးလေ။ ငါပြောလိုက်တာမှားပြီလား။

"မဇင်မာဖို့ ဂျုံဇီပေးခိုင်းတဲ့စာ" "အော် ခေါင်ဇယ်ပါလား ဒီနေ့ သူ ဘုရားလာမရှိခိုးဘူးလား" "ကျွန်တော်မသိဘူး သူက ဒီစာပဲပေးခိုင်းတာ" "ဟုတ်လား ကျေးဇူးပဲနော်" ဝိုင်းစက်ပြီး ရှင်းလင်းတဲ့ သူ့ လက်ရေးလေး ပထမဆုံး မြင်ဖူးခြင်းပါကွယ်။ မဇင်မာ မကြိုက်ရင် မဇင်မာ ရှိတဲ့ နေရာ ကျွန်တော်မလာ တော့ပါဘူး။ ဂျုံဇီရဲ့ စာကို ဖတ်နေစဉ်မှာ သူနောက်ကို ရောက် လာပြီး နာမည် ခေါ်လိုက်ပါတယ်။ "မဇင်မာ" "ဟင်။ ဘာဖြစ်လို့ ကျွန်မကို စတာလည်း ခုနက ခေါင်ဇယ်ပြောတော့ ဘုရားကျောင်းမလာတော့ဘူးဆို အဲဒီ လိုတော့ မလုပ်ပါနဲ့ ဂျုံဇီ။ ဘုရားကျောင်းကိုတော့ လာပါ။" "အခန်းထဲတော့ မလာနဲ့ပေါ့" "အင်း" "ဒါဆိုခင်ပြီနော်"။ "အင်း" "ဒါဆိုသီချင်းဆိုပြ" "ဘာ သီချင်းလဲ" "ထုံးစံအတိုင်း ကိုယ်တော်နဲ့ နီးနီးလေးပေါ့" အင်း နှစ်ယောက်သား အရာရာ အားလုံး ခဏမေ့ထားပြီကွယ်။

သင်တန်းဆင်းတော့မယ်။ "ကျွန်တော်တို့ ရဝမ်မြေ ကို လိုက်ခဲ့ပါလား ဇင်မာ။ ရေခဲတောင်တွေနဲ့ ပျော်စရာကောင်းတယ်။ ကျွန်တော်က ကိုယ်တော်နဲ့ နီးနီးလေးမှာ နေချင်သလို ဇင်မာနဲ့ နီးနီးလေးမှာ ထာဝရ နေခွင့်ပြုနော်။ ကျွန်တော်က မချမ်းသာပါဘူးဗျာ။ ဇင်မာနဲ့ ကျွန်တော်က ဘာသာ လဲတူတယ်။ ဘုရားကျောင်းလဲအတူတူ စာသင်ကျောင်းလဲ အတူတူ ပြည်နယ်က ကလေး ငယ်လေးတွေကိုလည်း တို့အတူလက်တွဲပြီး ပညာတွေ ဖြန့်ဝေ ပေးကြမယ်နော်"

"ဒီတစ်ခါတော့ မဇင်မာ ရင်ထဲက ဆုံးဖြတ်ချက် အမှန်ကို သိပါရစေ" "ဟိုမှာ ကချင်ပြယ်နယ်ဘက် ရထားလာနေပြီ။ သွားတော့နော်" "မညာဘူးနော်။ ဘုရားရှင် ပြင်ဆင်ပေးတဲ့အချိန်ထိ စောင့်ပါရစေ ဇင်မာရယ်" နှုတ်ဆက် ကျောခိုင်း သွားတဲ့သူ နောက်ကျောဆီ ငေးကြည့်ပြီး ကိုယ့်ပါးပြင် က မျက်ရည်တွေ အတားအဆီးမရှိ ကျခဲ့ပြီလေ။ ကြာခဲ့ပြီလေ နှစ်တွေအလီလီပြောင်းလို့ ဆရာဖြစ်ပြီး ၂



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၀၆။ ဇွန်လ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

နှစ်ကြာကြာ သူ့ဆီကစာတွေ တစ်လတစ်ခါဆိုသလို ပုံမှန် ရောက်ခဲ့သေးတယ်။ သူငယ်ချင်းဖြစ်သူ မြောင်းမြက မိုးဇော်လတ်က အဝေးသင်တက္ကသိုလ်တက်ဖို့ အိမ်မှာ လာတည်းရင်း " ဇင်မာ ငါနွေက ဖားကန့်ဆိုင်တောင်ကိုသွားတော့ မချမ်းဘောကို ဝင်ခဲ့တယ်။ အဲဒီမှာ ဂျူဇီ မိဘတွေ ပေးလိုက်တာ နင့်အတွက်တဲ့" အညိုရောင် ဒိုင်ယာရီ စာအုပ်လေးတစ်ခု။ "သူနွေရာသီကျောင်းပိတ်ရက် ကလေးတွေကို ဆန်းဒေး စကူး သီချင်းတွေသင်ပေးရင်း လဲကျသွားတာနဲ့ အချိန်မှီ သူတို့ ရိုးရာ ဆေးနဲ့ ကုသပေမဲ့ မရတော့ဘူးတဲ့"

"မြို့နယ် ကျန်းမာရေးမှူး ကတော့ ငှက်ဖျားပိုး ဦးနှောက် သွေးကြောထဲ ရောက်ပြီး ဆုံးတာတဲ့။ နင် သိတဲ့အတိုင်း သူတို့ တောတောင် တွေက ငှက်ဖျား သမားတွေချည်း နေရာဒေသကြမ်းတယ်လေ။ ပြီးတော့ သူက ကျောင်းပိတ်ရင် အနား မနေဘူး။ ကလေးတွေကို ကျမ်းစာသင်တန်းပို့ချလိုက်၊ အားရင် အမဲလိုက် တောလိုက်ဆိုတော့ ငှက်ဖျားဖြစ်တာပေါ့။ ဒီမှာ နင့်အတွက် သူ့ရဲ့ နောက်ဆုံးစာ" တုန်ရီနေတဲ့ ကိုယ့်လက်ချောင်းတွေ မှုန်ဝါးနေတဲ့ ကိုယ့် အမြင်အာရုံတွေ ဝေခွဲမရ တစ် တောက်တောက်ကျတဲ့ မျက်ရည်တွေက သူ့ရဲ့ စာကြောင်းတွေပေါ်မှာ ဝမ်းနည်းစွာနဲ့ ဇင်မာ ကိုယ်တော်နဲ့ နီးနီးလေးမှာ နေချင် သလို ဇင်မာနဲ့ နီးနီးလေးမှာ ထာဝရ နေသွားချင်တယ်ဗျာ။ ဘုရားသခင် ပြင်ဆင်ပေးတဲ့တစ်နေ့ အရောက် လာခဲ့မယ်နော်။ ရည်းစားများတဲ့ တို့ကို ရိုးသားတဲ့ ဇင်မာက မုန်းတယ်နော်။ ဘုရားသခင် အလိုတော်အတိုင်း ဖြစ်ပါစေလို့ ဆုတောင်း နေတဲ့သူ။ ကြာခဲ့ပြီလေ။ နင့်ဝိညာဉ်တွေ ငါ့အနားမှာ ဝဲလည်နေတုံးပဲကွယ်။

အရှက် ကြောက်ကြီးတဲ့ မိန်းခလေးပီပီ ငါငြင်းခဲ့မိတယ်။ တစ်ကယ်ဆို ဘုရားရှင် ပြင်ဆင်ပေးတဲ့ နေရာလေးမှာ ထမ်းပိုးညီ အိမ်ထောင်လေးအဖြစ် နင်နဲ့ နေခွင့် ရမှာနော်။ နင့်ရဲ့ ကြင်နာတတ်တဲ့ နှလုံးသားလေးကို ပစ်ထားခဲ့မိတယ်။ ငါ နောင်တတွေ အများကြီး ရခဲ့ပြီကွယ်။ ဘုရားသခင်ဟာ နင့်ကို သိပ်ချစ်လို့ သူ့ရဲ့ ရင်ခွင်မှာ နင့်ကို နားနေခွင့်ပြုခဲ့တယ် ခွင့်လွှတ်ပါ ဂျူဇီရယ်။

ဟာ (၆) နာရီခွဲပြီ ကားရေဆေးဖို့ နောက်ကျနေပြီ။ အတွေး သံသရာ နယ်ချဲ့ နေရာက ဘယ်အချိန် အိပ်ပျော်သွားခဲ့သလဲမသိဘူး။ စင်ကာပူ တရုတ် အိမ်ရှင် သူဌေးပြန်လာရင် ဆူတော့မှာဘဲ။ အော်ငါညက ဂျူဇီ ဝိညာဉ်လေးတွေနဲ့ ပြန်ပြီးတွေ့ခွင့်ရခဲ့ပါလား။ ကားရေဆေးအုံးမယ်။ ကောင်းကင်ဘုံ တံခါးက ဇင်မာ ကိုမျှော်နေပြီလား။ ဂျူဇီ ဇင်မာလည်း တစ်နေ့လာခဲ့ မယ်နော်။ တို့နှစ်ယောက် ထာဝရ ဘုရားသခင်ရဲ့ အနီးမှာ အတူနေကြစို့နော်။ ။ *ဇင်မာ (ပုသိမ်)*

---

အံ့သြဘွယ်ရာ သင်္ချာတွက်နည်းလေးကို ဝေငှချင်ပါတယ်။

| |
|---|
| 1 x 8 + 1 = 9 |
| 12 x 8 + 2 = 98 |
| 123 x 8 + 3 = 987 |
| 1234 x 8 + 4 = 9876 |
| 12345 x 8 + 5 = 98765 |
| 123456 x 8 + 6 = 987654 |
| 1234567 x 8 + 7 = 9876543 |
| 12345678 x 8 + 8 = 98765432 |
| 123456789 x 8 + 9 = 987654321 |

| |
|---|
| 1 x 9 + 2 = 11 |
| 12 x 9 + 3 = 111 |
| 123 x 9 + 4 = 1111 |
| 1234 x 9 + 5 = 11111 |
| 12345 x 9 + 6 = 111111 |
| 123456 x 9 + 7 = 1111111 |
| 1234567 x 9 + 8 = 11111111 |
| 12345678 x 9 + 9 = 111111111 |
| 123456789 x 9 +10= 1111111111 |

အံ့သြဖို့မကောင်းဘူးလား။ အောက်က တွက်နည်းကိုလဲ ကြည့်လိုက်ပါအုံး။

| |
|---|
| 9 x 9 + 7 = 88 |
| 98 x 9 + 6 = 888 |
| 987 x 9 + 5 = 8888 |
| 9876 x 9 + 4 = 88888 |
| 98765 x 9 + 3 = 888888 |
| 987654 x 9 + 2 = 8888888 |
| 9876543 x 9 + 1 = 88888888 |
| 98765432 x 9 + 0 = 888888888 |

| |
|---|
| 1 x 1 = 1 |
| 11 x 11 = 121 |
| 111 x 111 = 12321 |
| 1111 x 1111 = 1234321 |
| 11111 x 11111 = 123454321 |
| 111111 x 111111 = 12345654321 |
| 1111111 x 1111111 = 1234567654321 |
| 11111111 x 11111111 = 123456787654321 |
| 111111111 x 111111111 = 12345678987654321 |

ကဲ ဆက်ကြည့်ကြရအောင်။ တိကျတဲ့ သင်္ချာတွက်နည်းမှာ ဘာက 100% နဲ့ညီမျှပါသလဲ။ ဘယ်အရာက 100% ထက် ပိုသာ ပါသလဲ။ လူတစ်ချို့က ငါဟာ ရာနှုန်းပြည့်ထက် ကျော်အောင် ပေးနိုင်တယ်လို့ ပြောတတ်ပါတယ်။ အချစ်တွေ၊ ငွေတွေ၊ ဘောက်ဆူးတွေ ကို ရာနှုန်းပြည့် ပေးမယ်လို့ ချစ်သူတွေ ဘော့စ်တွေက မင်းကို အာလူး လာပေးတတ်တယ် မဟုတ်လား။ ရာခိုင်နှုန်း 101% ရရင်ကော။ ၁၀၀ ရာခိုင်နှုန်း ဆိုတာ ဘာကို ပြောတာလဲ။ သိချင်ရင် အောက်မှာတွက်ထားတဲ့ သင်္ချာနည်းလေးကို လေ့လာလိုက်ပါ။

သင်္ချာ မတွက်ခင် အင်္ဂလိပ် အက္ခရာ (ABC) ၂၆ လုံးကို ဂဏန်း (123) တွေနဲ့ ကိုယ်စားပြုရပါမယ်။ ( ဥပမာ A=1, B=2, C=3, D=4, - - - X=24, Y=25, Z=26 ဆိုပါတော့။)

| A | B | C | D | E | F | G | H | I | J | K | L | M | N | O | P | Q | R | S | T | U | V | W | X | Y | Z |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | 11 | 12 | 13 | 14 | 15 | 16 | 17 | 18 | 19 | 20 | 21 | 22 | 23 | 24 | 25 | 26. |

အောက်က အင်္ဂလိပ်စာလုံး HARDWORK (အလုပ်ကြိုးစားခြင်း) ကို ဂဏန်း အစားထိုးပြီး တွက်ကြည့်ရအောင် - ၉၈ ရာနှုန်းဘဲ ရပါတယ်။ ၁၀၀ ရာနှုန်း မပြည့်ပါဘူး။

**H-A-R-D-W-O- R- K**
**8+1+18+4+23+ 15+18+11 = 98%**

ဒီနည်းအတိုင်း knowledge (ဗဟုသုတရှိခြင်း) ဆိုတဲ့စကားလုံးကို တွက်ကြည့်ရအောင် -

**K-N-O-W-L-E- D-G-E**
**11+14+15+23+ 12+5+4+7+ 5 = 96%**

အဲဒီလိုဘဲattitude(စိတ်သဘောထား)ဆိုတဲ့စာလုံးကိုဂဏန်းအစားထိုးတွက်ကြည့်ရအောင်-

**A-T-T-I-T-U- D-E**
**1+20+20+9+20+ 21+4+5 = 100%**

ဗဟုသုတ ရှိရင် ၉၆% ဘဲရပါတယ်။ စိတ်သဘောထားကောင်းမှ ၁၀၀% ရပါမယ်။
နောက်ဆုံး-၁၀၀% ထက်ပိုတဲ့ Love of GOD (ဘုရားမေတ္တာ) ကိုတွက်ကြည့်ရအောင်-

**L-O-V-E-O-F- G-O-D**
**12+15+22+5+15+ 6+7+15+4 = 101%**

**အလုပ်ကြိုးစားခြင်း** နဲ့ **ဗဟုသုတရှိခြင်း** က တစ်ရာပြည့်ခါနီး ဖြစ်ပေမဲ့ **စိတ်သဘောထား** ကောင်းပါမှ ရာနှုန်းပြည့် အောင်မြင်မှာ ဖြစ်ပါတယ်။ ရာနှုန်းပြည့်ကို ကျော်လွန် စေတာကတော့ **ဘုရားသခင်ရဲ့မေတ္တာ** ဘဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဘာလုပ်လုပ် ဘုရားသခင်ရဲ့မေတ္တာနဲ့ လုပ်ကြဖို့ သင်္ချာတွက်နည်းလေးနဲ့ ဘာသာပြန် ဝေငှလိုက်ပါတယ်။ (ဝန်ခံချက်။ သူငယ်ချင်းများ ပေးပို့သော အီးမေးလ်အား ဘာသာ ပြန် ထားခြင်း ဖြစ်ပါသည်။ မူရင်း တွက်ချက် ရေးသားသူအား ကျေးဇူးတင်ပါသည်။)

---

တက်နိုင်ရင် အဖျားရောက်တယ် ( ကာတွန်း - မင်းအောင်သက်လွင် )

**အဓိပ္ပါယ်ဖွင့်ဆိုချက်**- ယုံကြည်သူများက တစ်ယောက်နဲ့တစ်ယောက် နောင်ဂိုန်ချ၊ ရန်ဖြစ်၊ ညည်းတွား၊ စိတ်ဝမ်းကွဲလို့ ပန်းတိုင်မရောက်နိုင်ဘဲ ဖြစ်နေချိန်မှာ စာတန် အဖွဲ့ သား များကတော့ အေးအေးလူလူ စည်းစည်းလုံးလုံး သီချင်းလေးဆိုရင်း ပန်းတိုင် ရောက်သွားပါပြီ။




Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076
E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))
((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))
မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်